မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ်(၃၂၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Chen Jian အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Chen Jian ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H. E. Mr. Chen Jian** အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H. E. Mr. Chen Jian** အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဩဂုတ် ၂၉ရက်)

အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး တိုးမြှင့်ဖော်ဆောင်နေ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်များ တိုးတက်ပြည့်စုံလာရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ ရေခက်ခဲသောဒေသများတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကိုပါ တည်ဆောက်ပေးခဲ့ပြီး သောက်သုံးရေအတွက်သာမက စိုက်ပျိုးရေအတွက်ပါ စက်ရေတွင်းများ တိုးချဲ့ တူးဖော်ပေးခဲ့သည်။

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူဒေသတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေလှို်တွင်းများ တူးဖော်လျက်ရှိရာမှာ စက်ရေတွင်း (၅၀) တူးဖော်ဆောင်ရွက်မည့် အစီအစဉ်များရှိပြီး တူးဖော်ပြီးစီးသည့် စက်ရေတွင်းများမှ စိုက်ပျိုးရေများကို ပေးဝေလျက်ရှိရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စိမ်းလန်းစိုပြည်ရေး စိုက်ဧက ၄၀၀အတွက် အကျိုးပြုသွားမည်ဖြစ်သည်။

ညောင်ဦးမြို့နယ် ဂျမ်းလှီးကျေးရွာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်သော အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းက စက်ရေတွင်းတူးဖော်ခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် တစ်နေ့လျှင် ရေဂါလန် ၁၀၀၀၀ ခန့် ထုတ်ယူသုံးစွဲနိုင်ကြပြီဖြစ်သည်။

ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ဘုန်းတော်ကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့တွင်လည်း စက်ရေတွင်းများတူးဖော်ပေးခဲ့၍ ကျေးလက်ပြည်သူများ သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်ကြပြီဖြစ်သည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ယခုအခါ ရေလိုအပ်လျက်ရှိသော ကျေးရွာပေါင်း ၂၁၈ရွာတွင် စက်ရေတွင်းပေါင်း ၂၂၅ တွင်း တူးဖော်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ခဲ့သည်။ စိုက်ပျိုးရေအတွက် လောကနန္ဒာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ ရေသွယ်ယူမှုဖြင့် ဖွားစောကျေးရွာအုပ်စု ကန်ပေါက်ကျေးရွာ၌ စပါးစိုက်ဧက ၂၁သမ ၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်က စပါးစိုက်ပျိုး၍ မရခဲ့သောဒေသများ၌ စပါးစိုက်ခင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်ဖော်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအပိုင်းကလည်း နိုင်ငံတော်နှင့်အတူ အစွမ်းကုန် လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးစပါးထွန်တုံးပိတ်ပွဲ မိုးကုတ်၌ကျင်းပ

မိုးကုတ် ဩဂုတ် ၂၈

မိုးကုတ်မြို့နယ် ၂၀၀၉ခုနှစ် မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးပွဲ အခမ်းအနားကို ပိန်းပြစ်ကျေးရွာအုပ်စု ပိန်းပြစ်ကျေးရွာ ရွာဘုံလယ်ကွင်း၌ ဩဂုတ် ၁၄ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကောက်စိုက်လုံမေများ ထွန်တုံးပိတ် ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ယာယီမဏ္ဍပ်၌ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးဝင်းက မိုးစပါးစိုက်ပျိုးထားရှိမှုအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့က ကောက်စိုက်လုံမေများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

မြဝတီရုပ်မြင်သံကြား

၂၉-၈-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့် ဘဲရုပ်ဆိုး** (အပိုင်း-၁)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမှားပြင်ဆင်ချက်** သရုပ်ဆောင်- ပြေတီဦး၊ မေကဗျာ၊ ဖွဲ့နိုင်ဝင်း၊ (ဒါရိုက်တာ- ညီမင်းလွင်)
- ၁၃း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၁၉)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၁၄)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်စကား
- ၂၀။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (ဇာတ်သိမ်းပိုင်း)
- ၂၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၆)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် မိုးစပါးထွန်တုံးပိတ်ပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

ကယားပြည်နယ် ၂၀၀၉-၂၀၁၀ မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ်၂၅ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ တောင်သူဦးရွှေဖဲ၏ လယ်မြေ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ခရိုင်အလိုက် မိုးစပါး ထွန်တုံးပိတ် တင်ပြလွှာများကို ပြည်နယ်ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

ဆက်လက်၍ လွိုင်ကော်၊ ဘော်လခဲ၊ ဒီမော့ဆိုနှင့် မယ်စဲ့မြို့တို့မှ ကောက်စိုက်လုံမေများက ရွှေရင်အေး မျိုးစပါးစိုက်ပျိုး၍ ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြခန်းအတွင်း ဓာတ်မြေဩဇာများ၊ ပျိုးပင်နှင့် မျိုးစေ့များ၊ သဘာဝပိုးသတ်ဆေးများပြသထားမှု၊ စက်မှုလယ်ယာဦးစီးဌာန ပြခန်းတွင် လက်တွန်းထွန်စက်၊ ခြွေလှေ့စက်နှင့် ကောက်ရိတ်စက်ပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး **(အပေါ်ပုံ)** ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

လက်ဆောင်

ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာသို့ သွားရောက်ကြပြီး အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများပေးအပ်၍ နေ့လယ်စာဖြင့် ကျွေးမွေးကာ အဘွားဆောင် တိုးချဲ့ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့သည် လွိုင်ကော်တက္ကသိုလ်သို့ သွားရောက်၍ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

(၃၀-၈-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **မင်းကွန်းဆရာတော်ကြီး၏မင်္ဂလသုတ်** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၃၀ ဘဝအသွင်ကဗျာ့အမြင် (စိတ်ကြိုက်ကဗျာများ) တေးပဒေသာ
- ၉း၄၅ ဘဝတစ်ကွေ့အတွေ့အကြုံ (စည်းကမ်း)
- ၁၀း၀၀ **(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း၊ ကာလပေါ်တေး)** မွေးနေ့လက်ဆောင်
- ၁၀း၁၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အသီးဖျော်ရည်နေ့စဉ်သောက်သုံးခြင်း)
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တေးစီးရီး (တောင်တန်းမြေမှတေးမှတ်တမ်း)
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ သုတစုံကြွယ်သိစေဖွယ် (အနုပညာရဲ့စွမ်းအား)
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၂၃)
- ၁၂း၀၀ စံတော်ချိန် ကလေးများအတွက် ပုံပြင်(ဂရုဓမ္မ)
- ၁၂း၁၅ တေးပဒေသာ
- ၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) သမီးလေးဖတ်ဖို့(၁၂) (ကောင်းသန့်) (၂) ကျောင်းတွင်းသုံးအင်္ဂလိပ်စကားပြော(သင်းသင်းနိုင်)
- ၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၄း၀၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ညနေခင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
- ၁၈း၃၀ လယ်ယာစီးပွား (စီးပွားဖြစ်ကျွဲကောစိုက်ပါ)
- ၁၈း၄၅ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ Talk on Line (ထူးအယ်လင်း) နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (အစ္စဏီ) စီးပွားရေးဦးတည်ချက်
- ၂၀း၄၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၂၁း၂၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁း၃၀ ခေတ်မရွေးသောတေး
- ၂၂း၀၀ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဆရာကြီး ဦးလှထွန်းအားရည်စူး၍ ဇနီး ဒေါ်ခင်ညွန့်(၈၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် သားသမီး၊ မြေး၊မြစ်တစ်စု (ရောဝဏ် ဆေးတိုက် မိသားစု)က ငွေပဒေသာပင် ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၈

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်မှု အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၇ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စက်မှုကဏ္ဍပါဝင်မှုနှုန်းကို သတ်မှတ်ထားသည့် ရည်မှန်းချက်အတိုင်း ပြည့်မီရေးကြိုးပမ်းကြရန်နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဇောရှုဂ်သုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အချိန်နှင့်အလုပ်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၂)
- ၈:၃၀ Global Panorama (ဦးကိုကိုလှိုင်၊မျိုးမြတ်သူ)
- ၉:၃၀ Sports World (Olympic Magazine)
- ၁၀:၀၀ Activities in the City (မျက်စိမှိတ်ပြီးယုံ တေးစီးရီးလက်မှတ်ရေးထိုးပွဲ)
- ၁၀:၂၀ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၁၀:၄၀ သွားမယ်စားမယ် (WASABI Japan Japan Restaurant)
- ၁၁:၀၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာစာအောင်ဆုနှင်းသဘင်
- ၁၁:၂၅ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
- ၁၁:၄၀ အနုပညာမိုးကောင်းကင်
- ၁၂:၀၀ Music Talk (ဝိစိတြ)
- ၁၂:၂၀ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၁:၀၀ **အချိန်နှင့်အလုပ်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Emo Fashion)
- ၃:၂၅ သာယာဖွံ့ဖြိုး···· တိုးတက်ဝေစည်····ဧည့်ဝတီ
- ၃:၅၅ အင်တာနက်လမ်းညွှန် (Y-MAX Internet Cafe & Net Game)
- ၄:၁၅ တေးဂီတအစီအစဉ်
- ၄:၂၅ မြန်မာ့တွင်းထွက် လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
- ၄:၅၅ Activities in the City (မျက်စိမှိတ်ပြီးယုံ တေးစီးရီး လက်မှတ်ရေးထိုးပွဲ)
- ၅:၁၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၅:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ကန်စွန်းနှင့်ကညွတ်မှရသော အကျိုးအာနိသင်များ** ခင်သန်းနွယ်၊ စုမွန်ထွေး (ဒေါက်တာ-ပြည့်ဖြိုးဟန်)
- ၅:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (WASABI Japan Japan Restaurant)
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ Fashion Music Festival (Emo Fashion)
- ၇:၄၀ အင်တာနက်လမ်းညွှန် (Y-MAX Internet Cafe & Net Game)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ပန်းချီပြခန်း (Constrasting Harmonious Colour)
- ၈:၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၉:၁၀ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (မိုးသောက်ပန်းအဆင့်မြင့် မူကြို)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၂)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၁၂:၀၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁၂:၁၅ သဘာဝဝန်းကျင်ထိန်းသိမ်းဖို့ စွန့်ပစ်အမှိုက်သုံးအဆင့်မြင့် မီးဖိုသုံးကြစို့
- ၁၂:၂၅ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၂:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ကန်စွန်းနှင့်ကညွတ်မှရသော အကျိုးအာနိသင်များ** ခင်သန်းနွယ်၊ စုမွန်ထွေး (ဒေါက်တာ-ပြည့်ဖြိုးဟန်)
- ၁၂:၅၀ ပန်းချီပြခန်း (Constrasting Harmonious Colour)
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Chelsea-Burnley	ESPN (Live)
၈:၂၅	Bolton-Liverpool	ESPN (Live)
	Spurs-Birmingham	Star Sports (Live)
၁၀:၃၀	Blackburn-West Ham	Star Sports (SDD)
၁၀:၄၀	Man U-Arsenal	ESPN (Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဇင်ဘာဘွေသမ္မတနိုင်ငံတို့အကြား

သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဇင်ဘာဘွေသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၀၉ခုနှစ် ဩဂုတ်၂၇ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

လက်မှတ်ရေးထိုး

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီကြောင်း ပူးတွဲကြေညာချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇင်ဘာဘွေသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ဩဂုတ် ၂၇ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

ချန်ပီယံမန်ယူနှင့် အာဆင်နယ် အိုးထရက်ဖို့ဒ်၌ ယနေ့ယှဉ်ပြိုင်မည်

လန်ဒန် ဩဂုတ် ၂၈

ပရီမီယာလိဂ် ထိပ်သီးအသင်းများဖြစ်ကြသည့် မန်ယူနှင့် အာဆင်နယ်တို့သည် ဩဂုတ်၂၉ရက် **(ယနေ့)** ည၁၀း၄၅နာရီတွင် အိုးထရက်ဖို့ဒ်၌ ပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မန်ယူတိုက်စစ်တွင် ရွန်နေ၊ ဘာဘာတော့ဗ်တို့အတွဲ ဆက်လက်ပွဲထွက်လာမည်ဖြစ်သော်လည်း ဒဏ်ရာရနေသော ဖာဒီနန်နှင့် ဗန်ဒါဆာတို့ ပါဝင်လိမ့်ဦးမည် မဟုတ်ပေ။ မန်ယူဂိုးတွင် ဖော်စတာ ဆက်လက်တာဝန်ယူမည်ဖြစ်သည်။ သို့သော် မိုက်ကယ်ကာရစ်နှင့် အန်ဒါဆင်တို့ ဝီဂန်နှင့်ပွဲ လွဲချော်ခဲ့ပြီးနောက် ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

သွင်းယူထား

အာဆင်နယ်အသင်းတွင် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၊ တိုက်စစ်မှူး ဝေါကော့၊ နာဆရီနှင့်ဒီဂျီရုတို့လည်း မန်ယူနှင့်ပွဲတွင် လွဲချော်မည်ဖြစ်သည်။ သို့သော် အာဆင်နယ်အသင်းသည် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲ နှစ်ပွဲကစားခဲ့ရာတွင် ၁၀ ဂိုး သွင်းယူထားသည်။

စိတ်ဓာတ်တက်ကြွ

ချန်ပီယံမန်ယူသည် ဘန်လေကို အမှတ်မထင် ရှုံးနိမ့်ခဲ့သော်လည်း ပြီးခဲ့သည့် ဝီဂန်နှင့်ပွဲတွင် ငါးဂိုးပြတ် အနိုင်ရလိုက်သဖြင့် မန်ယူကစားသမားများ စိတ်ဓာတ်တက်ကြွနေသည်။ ပြီးခဲ့သော ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် မန်ယူနှင့်အာဆင်နယ်တို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြစ်ခဲ့သည်။ ။

(အင်တာနက်)

ပရီမီယာလိဂ် နောက်ဆုံးရသတင်း

■ *ကျောဖုံးမှ*

New Influenza A (H1N1) ပိုးတွေ့ရှိရကြောင်း၊ အထက်ပါ လူနာနှစ်ဦးမှာ ဒေသအတွင်း တစ်နေရာတည်းမှ ကူးစက်ခံရခြင်းဖြစ်နိုင်သည်ဟု သုံးသပ်ထားကြောင်း သိရှိရသည်။

စောင့်ကြပ်ကြည့်ရှု

လူနာများနှင့် အတူနေမိသားစုဝင် စုစုပေါင်း ၁၀ဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine)ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူနာများ တက်ရောက်နေသော စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀၀၊ ဖိလစ်ပိုင်အမျိုးသမီးနေထိုင်ရာ အဆောက်အအုံရှိ လူဦးရေစုစုပေါင်း ၂၀၆ ဦးနှင့် အဆိုပါအဆောက်အအုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၃၅ဦးတို့အား နေထိုင်ရာနေရာ၌ပင် သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ၊မရှိ စောင့်ကြပ်ကြည့်ရှုခြင်း(Active Surveillance) နှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိရေး ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ဩဂုတ်၂၈ရက်တွင် ၂၄ယောက်မြောက် ပိုးတွေ့လူနာ အသက်(၂၃)နှစ်အရွယ် အမျိုးသားမှာလည်း ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှဆင်းပေးလိုက်ကြောင်း၊ ၎င်းလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သော မိသားစုဝင် ခြောက်ဦးအား နေအိမ်စောင့်ကြပ်ကြည့်ရှုခြင်းအားလည်း ရပ်ဆိုင်းပြီးဖြစ်ကြောင်း သိရှိရသည်။

ပြုစုစောင့်ရှောက်

မြန်မာနိုင်ငံ၌ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၉ဦးရှိပြီး ၂၄ဦး မှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာငါးဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၂၀၆ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၉ဦး ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အသက် ၄၅ နှစ်အောက် လူလတ်ပိုင်းများသည် သွေးပေါင်ချိန် ၁၄၀/၉၀ သာ အများဆုံးရှိသင့်ပြီး ယင်းထက်ပိုမိုများသော သွေးပေါင်ချိန်မျိုး မဖြစ်ပွားရန် သတိပြု ဆင်ခြင်နေထိုင်သင့်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြစ်ပွားနိုင်

သွေးပေါင်ချိန် တက်ခြင်းကြောင့် လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ပွားခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်းတို့ဖြစ်ပွားနိုင်သည့်အပြင် ဦးနှောက်မှတ်ဉာဏ် အစိတ်အပိုင်းများ ထိခိုက်ပျက်စီးမှုဖြစ်စေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အကြံပြု

ထို့ကြောင့် အသက် ၄၅ နှစ်အောက် လူလတ်ပိုင်းများအနေဖြင့် သွေးပေါင်ချိန်မြင့်တက်မှုမဖြစ်ပွားရန် ဂရုပြုနေထိုင်သင့်ကြောင်း၊ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မှတ်ဉာဏ်ချို့ယွင်းမှုမဖြစ်ပွားရန် သတိပြုနေထိုင်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။

တိုင်းစည်ပင်သာယာ ညွှန်ကြားရေးမှူး ထန်းတပင်၌စစ်ဆေး

ထန်းတပင် ဩဂုတ် ၂၈

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက်က တိုင်းစည်ပင်သာယာညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းလတ်ဦးတို့က ရှင်းလင်းတင်ပြခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ကပြဖျော်ဖြေ

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ရှန်ယန်းမြို့၌ ကျင်းပသော ရိုးရာယဉ်ကျေးမှုပြပွဲတွင် အနုပညာကျောင်းမှ ကျောင်းသားများ ကပြဖျော်ဖြေနေသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြင်သစ်နည်းပညာအသုံးပြုမည့် ရေငုပ်သင်္ဘောငါးစင်း ဘရာဇီးနိုင်ငံက ၂၀၁၆ခုနှစ်တွင် တည်ဆောက်မည်

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၈

ဘရာဇီးနိုင်ငံအတွင်း ပြင်သစ်နည်းပညာများ အသုံးပြုကာ ရေငုပ်သင်္ဘောငါးစင်းကို တည်ဆောက်မည်ဖြစ်ကြောင်း ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်ဆွန်ဂျိုဘင်က ပြောကြားသည်။

တည်ဆောက်မည်

ယင်းရေငုပ်သင်္ဘောများ တည်ဆောက်မှုကို ၂၀၁၆ခုနှစ်တွင်စတင်ကာ ၂၀၂၂ ခုနှစ်၌ အပြီးတည်ဆောက်မည်ဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်း၍ ရေငုပ်သင်္ဘောများ တည်ဆောက်မည့်သဘောတူညီချက်ကို ဘရာဇီးနှင့် ပြင်သစ်သမ္မတ နှစ်ဦးတို့က ၂၀၀၈ခုနှစ် စက်တင်ဘာလက သဘောတူညီခဲ့ခြင်းဖြစ်သည်။ ရေငုပ်သင်္ဘောငါးစင်းအနက် တစ်စင်းမှာ နျူကလီးယား နည်းပညာအသုံးပြု၍ တည်ဆောက်မည်ဟုဆိုသည်။ **(အင်တာနက်)**

နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး ပီရူးနှင့်ရုရှား သဘောတူလက်မှတ်ရေးထိုး

လီမာ ဩဂုတ် ၂၈

ပီရူးနှင့်ရုရှားအစိုးရတို့သည် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု၊ အလွဲသုံးစားပြုမှုနှင့်စပ်လျဉ်း၍ တိုက်ဖျက်သွားရန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၂၆ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုး

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်သည် ပီရူးသို့ ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း၌ အလည်အပတ်ရောက်ရှိစဉ် အတည်ပြုထားသော သဘောတူညီချက်ကို ပီရူးသမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

လေ့ကျင့်သင်တန်းပေး

အဆိုပါ သဘောတူညီချက်တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လေ့ကျင့်သင်တန်းပေးခြင်းတို့ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဓာတုစက်ရုံ မီးလောင်

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဟမ်ထရာမစ်ဒေသရှိ ဓာတုစက်ရုံတွင် မီးလောင်မှုဖြစ်ပွားသည် ကို ဩဂုတ်၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ ကုန်သွယ်မှု ဇူလိုင်လအတွင်း မြင့်တက်ခဲ့

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံ၌ ယခုနှစ် ဇူလိုင်လအတွင်း စီးပွားရေးကဏ္ဍစုံ၌ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိခဲ့ရာ ဒုတိယသုံးလပတ်အတွင်း အမြင့်ဆုံးအဆင့် ရောက်ရှိခဲ့ကြောင်း ဩဂုတ်၂၆ရက်တွင် အင်ဒိုအာရှ နယူးအေဂျင်စီက သတင်းထုတ်ပြန်သည်။

မြင့်တက်လာ

ယခင်နှစ် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြားမှပင် ပြည်ပသွင်းကုန်များ အမေရိကန်ဒေါ်လာသန်း ၅၀၀အထိ မြင့်တက်လာခဲ့သည်။

ဖော်ပြ

အိန္ဒိယနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှု၌ အမေရိကန်ဒေါ်လာ ၁၈၃သန်းရရှိရာ ၄င်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီအားလုံးမှ ယခုနှစ် ပထမလေးလပတ်တွင် အမေရိကန်ဒေါ်လာ ၄ဒသမ ၇၃ဘီလီယံ ရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ရထားနှင့်ကားတိုက်မိ

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘီလက်စ်ပြည်နယ်တွင် ရထားနှင့် ကားတိုက်မိပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

တူရကီ၌ ရထားနှင့်ကားတိုက်မိ လေးဦးသေဆုံး၊ ၁၉ ဦးဒဏ်ရာရ

အန်ကာရာ ဩဂုတ် ၂၈

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘီလက်စ်ပြည်နယ်၌ ဩဂုတ် ၂၆ရက်က ခရီးသည်တင်ရထားနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အသုံးပြုသည့် မြေတူးစက်ပါကားနှင့်တိုက်မိခဲ့ရာ လေးဦးသေဆုံးပြီး ၁၉ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း၊ ကားအတွင်းမှ လူနှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့ကြောင်း မီးရထားအာဏာပိုင်များက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်ဝန်း A(H1N1) ဖြင့်သေဆုံးသူ ဘရာဇီးနိုင်ငံ၌ အများဆုံးဖြစ်

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၈

ဘရာဇီးနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေသည် ဩဂုတ် ၂၇ရက်က ၅၈၄ဦးအထိရှိလာရာ ကမ္ဘာတစ်ဝန်း သေဆုံးသူအများဆုံးနိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

လျော့နည်း

ဘရာဇီးတွင် A(H1N1) တုပ်ကွေးဖြစ်ပွားသူ ၅၂၀၆ဦးရှိပြီး ယင်းရောဂါဖြစ်ပွားသူဦးရေသည် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း လျော့နည်းလာပြီဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံး

ဆော်ပေါလိုမြို့တွင် ယင်းရောဂါကြောင့် သေဆုံးသူ၂၂၃ဦးရှိပြီး ပါရာနာမြို့၌ သေဆုံးသူ ၁၇၀နှင့် ရီယိုဒီဂျနေးရိုးမြို့တွင် သေဆုံးသူ ၉၈ဦးရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမေရိကန်သို့ ခိုးဝင်လာသူများ အရီဇိုးနားရဲတပ်ဖွဲ့ ရှာဖွေဖမ်းဆီး

ဖီးနစ် ဩဂုတ် ၂၈

အမေရိကန်ပြည်ထောင်စု အရီဇိုးနားရဲတပ်ဖွဲ့က ထရပ်ကားတစ်စီးအား ရှာဖွေရာ ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်လာသူ ၉၇ဦးကို ဩဂုတ်၂၇ရက်က တွေ့ရှိကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

ရှာဖွေ

နယ်စပ်မြို့ဖြစ်သည့် နိုဂေး၏မြောက်ပိုင်း မိုင်အနည်းငယ်အကွာရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် အဆိုပါထရပ်ကားအား ရဲအရာရှိများက ရှာဖွေခဲ့ခြင်းဖြစ်သည်ဟု အရီဇိုးနားရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

တွေ့ရှိ

ရဲတပ်ဖွဲ့က ယင်းသို့ရှာဖွေရာတွင် မက္ကဆီကိုနှင့် ဂွါတီမာလာနိုင်ငံများမှ လူကြီးနှင့်ကလေးငယ် ၉၇ဦးတို့အား ထရပ်ကားနောက်တွဲပေါ်၌ စုပြုံတင်ဆောင်ထားသည်ကို တွေ့ရှိခဲ့သည်။

လွှဲပြောင်းပေး

ရဲတပ်ဖွဲ့က ပြည်တွင်းခိုးဝင်သူများအား နယ်စပ်စောင့်တပ်ဖွဲ့၏ တာဝန်ရှိသူ များထံ လွှဲပြောင်းပေးလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ပိုင်း ကန်ဒါဟာမြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးကို ဩဂုတ်၂၈ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား စစ်သွေးကြွ ၄၅ဦး ဖမ်းဆီး

အစ္စလမ္မာဘတ် ဩဂုတ် ၂၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွတ်တောင်ကြားဒေသနှင့် မာလကာဒေသတို့၌ ဩဂုတ် ၂၆ရက်က သီးခြားတိုက်ပွဲဖြစ်ပွားမှုအတွင်း စစ်သွေးကြွ ၄၅ဦးအား လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ပြန်လည်ထိုးစစ်ဆင်

ယင်းဖြစ်ပွားမှုသည် ဆွတ်တောင်ကြားဒေသ၌ အကြမ်းဖက်သမားများက ၄င်းတို့ ဖြတ်သန်းမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ အသေခံဗုံးခွဲ တိုက်ခိုက်ရာမှ လုံခြုံရေးတပ်ဖွဲ့က ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သေဆုံး

ယခုနှစ်ဧပြီလနောက်ပိုင်း ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားသော တိုက်ပွဲများတွင် စစ်သွေးကြွ ၁၆၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

မိုးရွာသွန်းလေသမျှ

၂၈-၈-၂၀၀၉

ကော့သောင်း	၂ ဒသမ ၀၈ လက်မ
ညောင်တုန်း	၁ ဒသမ ၁၇ လက်မ
ဥမြို့	၀ ဒသမ ၉၁ လက်မ
ဟုမ္မလင်း	၀ ဒသမ ၈၇ လက်မ
မြင်းခြံ	၀ ဒသမ ၃၉ လက်မ
မင်းဘူး	၀ ဒသမ ၃၂ လက်မ

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများ

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၉ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည် -

ဆောင်းပါးပြိုင်ပွဲ

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **လူသားစွမ်းရည်မြင့်မားဖို့ စာတတ်မြောက်ရေး အားပေးစို့** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်း(မောင်သန်းဝင်း-ရန်ကုန်တက္ကသိုလ်)ကလည်းကောင်း၊ တတိယဆုကို အမျိုးသားအကျိုးစီးပွားသုတေသနအဖွဲ့ အကြီးတန်းသုတေသနအရာရှိ ဒေါက်တာခင်ချောစုကြည်ကလည်းကောင်း ရရှိသည်။

စာစီစာကုံးပြိုင်ပွဲ

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **ပညာစွမ်းရည်မြင့်မားရေး၊ စာတတ်မြောက်ရေးဦးစားပေး** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဘီအီးဒီ စတုတ္ထနှစ်ကျောင်းသူ မနန်းမြတ်မွန်ဦးကလည်းကောင်း၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ်မှ DTEC (၅/၀၈)ကျောင်းသူ မနွယ်နွယ်ထွန်းကလည်းကောင်း၊ တတိယဆုကို ဘိုကလေးပညာရေးကောလိပ်မှ ပထမနှစ် DTEd (၁၃/၀၈) ကျောင်းသူ မသင်းနုဆွေကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးရန် စာတတ်မြောက်မှုအခြေခံ**ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရေနံချောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မအိဖြူဖြူကျော်ကလည်းကောင်း၊ ဒုတိယဆုကို ကသာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ချမ်းမြေ့အောင်ကလည်းကောင်း၊ တတိယဆုကို မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝင်းပပလှိုင်ကလည်းကောင်း ရရှိသည်။

ပိုစတာပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **ဝိုင်းဝန်းဆောင်ရွက် စာတတ်မြောက်ရေးအတွက်** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခိုင်မေသူကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်သူရပိုင်စိုးကလည်းကောင်း၊ တတိယဆုကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်အောင်ပြည့်ကလည်းကောင်း ရရှိသည်။

သတင်းပို့

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် **စက်တင်ဘာ ၅ရက် (စနေနေ့) ညနေ ထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ထံ** လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ပါမောက္ခဒေါက်တာဒေါ်ခင်ဆွေမြင့် မိသားစုက ကွယ်လွန်သူဖခင်ကြီး ဦးသီဟန် (၃၉)နှစ်မြောက်နှင့် မိခင်ကြီး ဒေါ်ကြည်ကြည် (၁၅)နှစ်မြောက်အတွက် ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးရေး ကလေးမြို့နယ်၌ ညှိနှိုင်းစည်းဝေး

ကလေး ဩဂုတ် ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကလေးခရိုင်သည် စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးနှင့် ဟောပြောပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀ နာရီက ကလေးမြို့နယ် ကျောက်ကာကျေးရွာ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့် ဟောပြောပြီး အလင်းရှင်စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်မျိုးစုံ ၅၆ အုပ် လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က လက်ခံယူသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ကျေးရွာအုပ်စုအတွင်း စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရေရှည်ရှင်သန် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကို စာကြည့်တိုက်ကော်မတီ၊ ရပ်မိရပ်ဖတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၈

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

<u>ဩဂုတ် ၂၉ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>၂၀၀၉ခုနှစ် စက်တင်ဘာလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ</u> လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အူရှန်ပန်ဒန်ပြည်နယ်ကမ်းလွန်တွင် ဩဂုတ် ၂၈ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အင်အားရှိသော ငလျင်လှုပ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုသတင်း မထုတ်ပြန်နိုင်သေးကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

၂၀၁၁ ခုနှစ်၌ တူရကီ ဂြိုဟ်တု လွှတ်တင်မည်

တူရကီနိုင်ငံကတော့ခ်ဆက် ၄ အေဂြိုဟ်တု(ဝဲပုံ)ကို လာမည့် ၂၀၁၁ခုနှစ်တွင် အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း တူရကီသတင်းဌာန အနာတိုလီရာက ဩဂုတ် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်၌ မြေအောက်ဥမင်ပြိုကျ

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းတွင် မြေအောက်ဥမင်တစ်ခု ဩဂုတ် ၂၈ရက်က ပြိုကျခဲ့ရာ ပါလက်စတိုင်းသုံးဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။



ဘိုးရင်း ၇၈၇ ခရီးသည်တင်လေယာဉ်သစ် စတင်စမ်းသပ် ပျံသန်းမည်

ဘိုးရင်းလေယာဉ်ကုမ္ပဏီက ၂၀၀၉ခုနှစ်ကုန်တွင် ခရီးသည်တင်ဘိုးရင်း ၇၈၇ လေယာဉ်အသစ်ကို ထုတ်လုပ်သွားမည်ဖြစ်၍ စတင်စမ်းသပ် ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်ဘိုးရင်းလေယာဉ်ကုမ္ပဏီက ဩဂုတ် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ဆူဒန် ဒါဖာစစ်ပွဲ ပြီးဆုံးသွားပြီ

ဒါဖာ၌ ဆူဒန်အစိုးရနှင့် သူပုန်တို့အကြား ခြောက်နှစ်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာတပ်မှူးက ဒါဖာတွင် ပြောကြားလိုက်သည်။

အဆိုပါ ဒါဖာစစ်ပွဲအတွင်း လူပေါင်း ၃၀၀၀၀၀ သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ သို့သော်လည်း ဆူဒန်အစိုးရ၏စာရင်းတွင် လူ ၁၀၀၀၀ သာ သေဆုံးခဲ့ကြောင်း ဖော်ပြသည်။

ယင်းစစ်ပွဲကြောင့် လူပေါင်း သုံးသန်းနီးပါး နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ကုလသမဂ္ဂတပ်မှူး ဗိုလ်ချုပ်ကြီး မာတင်အက်ဂ်ဝေက ပြောကြားသည်။

အင်ဒိုနီးရှား၌ ဟိုတယ်လုပ်ငန်းများ ပြန်စတင်

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများ ပြီးဆုံးသွားပြီးနောက် ဂျကာတာမြို့တောင်ပိုင်းရှိ ဟိုတယ်လုပ်ငန်းများကို ဩဂုတ် ၂၈ရက်မှစတင်ကာ လုပ်ငန်းများ ပြန်လည်ပြုလုပ်ခွင့်ပြုပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းများကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်၌ ဩဂုတ် ၂၈ ရက်က ဈေးကွက်ပိတ်ချိန်၌ ဂျပန်ငွေ ၉၃ယန်းလျှင် အမေရိကန် တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ မြောက်ပိုင်း မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မြောက်ပိုင်းကျေးရွာတစ်ရွာ၌ ဩဂုတ် ၂၈ရက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နေအိမ်လေးလုံးပျက်စီးခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန် စစ်ရဟတ်ယာဉ်အား ဆိုမာလီ ဓားပြများပစ်ခတ်

ဆိုမာလီယာကမ်းလွန်တွင် သင်္ဘောတစ်စင်းကို အပိုင်စီးထားသော ဓားပြများက ပျံသန်းလာသည့် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းကို ဩဂုတ် ၂၈ရက်က ပစ်ခတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငလိုက်ဆည်ရေလှောင်တမံ၌ ငါးမျိုးများ စိုက်ထည့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ယနေ့နံနက်၇နာရီခွဲတွင် နေပြည်တော်ခရိုင် နေပြည်တော်ရှိ ငလိုက်ဆည်ရေလှောင်တမံ၌ ကျင်းပသော ငါးမျိုးများစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ငလိုက်ဆည်ရေလှောင်တမံအတွင်းရှိ ငါးသားပေါက်များကို ကြည့်ရှုစစ်ဆေးကြပြီး ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများက ငါးသားပေါက်များကို တပျော်တပါး မျိုးစိုက်ထည့်ပေးကြသည်။

မျိုးစိုက်ထည့်

ယနေ့ ကျင်းပသော ငလိုက်ဆည်ရေလှောင်တမံအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမြစ်ချင်းကောင်ရေ ၈၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၈၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၆၀၀၀၀၀၊ တီလားပီးယားကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀၀ မျိုးစိုက်ထည့်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲ

စက်တင်ဘာ ၁ရက် ညနေ၃နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စက်တင်ဘာ၂ရက် ညနေပိုင်းတွင် ဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

REGENT ပညာရေးဆွေးနွေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

REGENT ပညာရေးက ကြီးမှူး၍ ပညာရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၂၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်တကောင်းခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် Curtin Singapore မှ Mr.Jeremy Histon နှင့် Curtin Sydney မှ Mr. Scott Spragg တို့က သင်တန်းများနှင့် ဘာသာရပ်များအကြောင်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်ဖြစ်ရေး မရမ်းကုန်း ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ သတ်မှတ် စံ(၅)ချက်နှင့်ညီညွတ်ရေး ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ်၂၄ရက်က အမှတ်(၁)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမင်းသူနှင့် စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်မိုးတို့က စာကြည့်တိုက်ဖွံ့ဖြိုးရေးဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် ထီသိမ်ရေကူတာမံ တည်ဆောက်ရေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် ဩဂုတ် ၁၉ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ မြို့ရေပေးဝေရေး ထီသိမ်ရေကူရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး တမံတည်ဆောက်ထားရှိမှု အခြေအနေ၊ ရေသွယ်မြောင်းဖောက်လုပ်ထားရှိမှု အခြေအနေနှင့် ရေပိုက်လွဲတည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၇ရက်က ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၉)သို့တက်ရောက်လာကြသည့် မြို့နယ်ကိုယ်စားလှယ်များအား အခမဲ့ မျက်မှန်ပြုလုပ်ပေးအပ်ခြင်း အတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၌ ရန်ကုန်တိုင်း စစ် မှု ထမ်း ဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးဦးအောင်သန်းဝင်းက Optical Vision မျက်မှန်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမိုးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(မြန်မာ့အလင်း)

မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) ငွေစုငွေချေးသမဝါယမ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၆ရက် နံနက် ၁၀နာရီက မြန်မာ့သစ်လုပ်ငန်း အစည်းအဝေးခန်းမ (အလုံမြို့နယ်)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အလုံမြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးလှထွန်းနှင့်တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်ဗိုလ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

ရွေးချယ်

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဗိုလ်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးလှထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၈-၂၀၀၉ခုနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်ခင်သက်အေးက ဖတ်ကြားပြီး ယာယီအစားထိုး အတွင်းရေးမှူးနှင့် အမှုဆောင်များကို အသင်းသားများက ရွေးချယ်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

Asian Food Fair - 2009 ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

Diamond City Hyper Mart ၏ Asian Food Fair - 2009 ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ အဆိုပါ Hyper Mart ၌ ကျင်းပရာ ရှေးဦးစွာ Diamond City Hyper Mart မှ Senior Director ဦးရဲမြင့်က အမှာစကားပြောကြားပြီး Moon Bakery Cafe ဥက္ကဋ္ဌ Ms. Julia Chung ၊ WASABI (Japan Restaurant) Managing Director ဒေါ်ယုယုစောနှင့် Diamond City Hyper Mart မှ Restaurant Director ဦးအောင်ခိုင်လတ်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ယာပုံ)**

ကျင်းပမည်

အဆိုပါ Diamond City Hyper Mart ၏ Asian Food Fair - 2009 ကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၆ရက်အထိ Diamond City Hyper Mart (Void Area) ၌ စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

လူသုံးကုန်မျိုးစုံ

အဆိုပါပွဲတော်တွင် အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ရိုးရာအစားအစာမျိုးစုံနှင့် လူသုံးကုန်မျိုးစုံတို့ကို ရောင်းချသွားမည်ဖြစ်သည်။

ရောင်းချ

Asian Food Fair-2009 ပွဲတော်တွင် Diamond City Hyper Mart နှင့်အတူ Diamond Dragon Chinese Restaurant, Silom Thai Restaurant, WASABI (Japan Restaurant), Moon Bakery နှင့်အတူ Kaung Htet ရှမ်းရိုးရာ အစားအစာဆိုင်များမှ ရောင်းချမည်ဖြစ်သည်။

ဝယ်ယူနိုင်

Asian Food Fair - 2009 ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာရှနိုင်ငံများ၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာအစားအစာနှင့် အသုံးအဆောင်များကို တစ်နေရာတည်း၌ ဝယ်ယူရရှိနိုင်စေရန် ကျင်းပရခြင်းဖြစ်သည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး သန့်ရှင်း သာယာလှပစေရေးအတွက် နေ့စဉ်၊ အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၃ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်နှင့် ဈေးကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ်အတွင်း အမှတ်(၃) ခရိုင်ချင်းဆက်လမ်း

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဩဂုတ် ၂၅ရက်က စစ်ကိုင်းမြို့နယ်အတွင်း အမှတ်(၃) ခရိုင်ချင်းဆက်လမ်း(စစ်ကိုင်းခရိုင်အပိုင်း)ရှိ လမ်းပိုင်းပြုပြင်ထားမှု အခြေအနေများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေး ဆောင်ရွက်ထားမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် သစ်ဝင်ချောင်းဆည်သို့ရောက်ရှိပြီး ဆည်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆည်အတွင်း ရေဝင်ရောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အားကစားနည်းတာဝန်ခံ နာယက ဒေါ်မူမူဝင်း၊ နာယက ဒေါ်စိုးဝတ်ရည်နှင့် တာဝန်ရှိသူတို့ ဩဂုတ် ၂၆ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ လေ့ကျင့်ရေးစခန်းသို့ လာရောက်ပြီး အားကစားသမားများ အင်အားဖြည့်စားသောက်နိုင်ရန်အတွက် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အားကစားသမားများက လက်ခံယူစဉ်။ (စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒိုက်ဦး-ကျွန်းကုန်ကျေးလက်(ဂဝ) လမ်းဖောက်လုပ်ပြီးစီးမှုကို ဩဂုတ် ၂၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း ရွှေပြည်သာတွင် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ရက် နံနက် ၉ နာရီက ရွှေပြည်သာမြို့နယ်အထက(၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ထိန်းချုပ်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အင်းစိန် အထွေထွေရောဂါကု ဆေးရုံကြီးမှ သမားတော် ဒေါက်တာ ဦးအောင်ကျော်သူက ကပ်ရောဂါပိုးတွေ့ လူနာများ ကုသမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးတို့က တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကသာ၌ကျင်းပ

ကသာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်၊ အာဟာရတိုက်ကျွေး ပြည့်ရင်သွေး ရက်သတ္တပတ်များ လှုပ်ရှားမှုကို ဩဂုတ် ၁၅ရက်က ကသာမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်နုနုရီက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးတင်မင်းက အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးအဖွဲ့ တာဝန်ခံ ဒေါက်တာစုစုလှိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူကလေးများအား အာဟာရ တိုက်ကျွေးနေမှုများကို မြို့နယ်ပညာရေးမှူး ဒေါ်နုနုရီ၊ ကျောင်းအုပ်ဆရာကြီးဦးတင်ဝင်း၊ ကျောင်းကျန်းမာရေးအဖွဲ့တာဝန်ခံ ဒေါက်တာစုစုလှိုင်တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ပြွန်တန်ဆာမြို့ အထက၊ အလက၊ အထက (ခွဲ) မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

ပြွန်တန်ဆာမြို့ အထက၊ အလက၊ အထက(ခွဲ)တွင် ပညာသင်ပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ယခုနှစ် ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပြွန်တန်ဆာ အထက ဦးသူတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာ ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ခင်စောမူ (ရန်ကုန်) ဖုန်း-၀၁-၅၂၂၀၈၆ ၊ ၀၉-၅၁-၅၈၅၅၇၊ ဒေါ်မင်းမင်းစန်း(မန္တလေး) ဖုန်း-၀၂-၃၅၅၂၀၊ ပြွန်တန်ဆာမြို့ ဒေါ်စောသီတာ ဖုန်း-၀၅၂-၅၉၂၂၉ နှင့် ကိုသက်အောင်လင်း ဖုန်း-၀၅၂-၅၉၃၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လဲချားမြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းဖြစ်သော ချယ်ရီလမ်းအပိုင်း(၂) ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ ဩဂုတ် ၁၂ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် ကော့သောင်း၌ကျင်းပ

ကော့သောင်း ဩဂုတ် ၂၈

ကော့သောင်းမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၂၅ရက် နံနက် ၈နာရီက ကော့သောင်းမြို့ ဇမိုင်အကျဉ်းဦးစီးဌာနရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ တက်ရောက်ကြသည်။

စိုက်ပျိုး

ထို့နောက် သစ်ပင်စိုက်ပွဲ တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များဖြစ်သော မဟော်ဂနီ၊ ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ မဲဇလီ၊ ကုက္ကို၊ ခရေ စုစုပေါင်းအပင် ၂၄၀၀ကို စိုက်ပျိုးကြကြောင်း သိရသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေ ဩဂုတ် ၂၂ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများအား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေရေး ပညာပေးဟောပြောစဉ်။ (ကညန)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဝမ်မန်းကျေးရွာ အုပ်စု နောင်ဘိုးကျေးရွာ ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် ရေအရင်းအမြစ်တိုင်းတာခြင်း လုပ်ငန်းကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) မှ ထွက်ရှိသော ဘိလပ်မြေအိတ်များကို ကားပေါ်သို့ ဤသို့ တိုက်ရိုက် တင်ပို့ပေးနေသည်။ (မြန်မာ့အလင်း)

* ကျော့ဖုံးမှ

အမှတ် (၁) စက်မှုဝန်ကြီးဌာနက စက်မှုနယ်မြေထူထောင်ကာ စက်ရုံကြီးများတည်ဆောက်လျက် ဘိလပ်မြေနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပေးနေသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် အဆိုပါ စက်မှုနယ်မြေသို့ သွားရောက်လေ့လာခဲ့ရာ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) သို့လည်း ဝင်ရောက်လေ့လာခဲ့သည်။

အခွင့်အလမ်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကျွေထည်မြေထည် လုပ်ငန်းအနေဖြင့် ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ အဆောက်အအုံများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း တိုးပွားလာစေရေးဟူသော ရည်ရွယ်ချက်ဖြင့် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်ရုံမှ လက်ထောက်စက်ရုံမှူး ဦးတင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တန် ၅၀၀ ကျ

ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၏ အဝင်ဝမုခ်ဦးရှေ့၌ စက်ရုံဖွင့်လှစ်ခဲ့သည့် ကျောက်စာတစ်ခုရှိသည်။ ယင်း ကမ္ပည်းကျောက်စာတွင် နိုင်ငံတော်က တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေ အလုံအလောက် ထုတ်လုပ်ဖြန့်ဖြူးပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ကြောင်း၊ ယင်း လမ်းညွှန်ချက်နှင့်အညီ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကျွေထည်မြေထည် လုပ်ငန်းက ပညာရှင်များ ပူးပေါင်းလျက် ဘိလပ်မြေ ထုတ်လုပ်နိုင်ရေး ကျောက်ဆည်မြို့ အရှေ့ဘက် ၄.၁မိုင်အကွာ သံတော်မြတ်တောင်ခြေ၌ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ကို တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၁ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းဘိလပ်မြေစက်ရုံမှာ တစ်ရက်တန် ၅၀၀ကျ စက်ရုံဖြစ်ကြောင်း ဖော်ပြထားသည်။

တန် ၄၀၀ ကျ

သတင်းအဖွဲ့သည် အဆိုပါ ဘိလပ်မြေစက်ရုံအတွင်း ဘိလပ်မြေများ ထုတ်လုပ်နေမှုကို ဝင်ရောက် ကြည့်ရှုလေ့လာခဲ့သည်။ လက်ရှိ ယင်းဘိလပ်မြေစက်ရုံမှ တစ်ရက်လျှင် တန် ၄၀၀ ထုတ်လုပ်နေကြောင်း၊ အိတ်အရေအတွက်အားဖြင့် ၈၀၀၀ရှိကြောင်း၊ စက်ရုံ၌ဝန်ထမ်း အင်အား ၃၀၇ဦးဖြင့် လုပ်ငန်းများ လုပ်ကိုင်နေကြကြောင်း သိရသည်။

ဖြန့်ဖြူး

ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) မှထွက်ရှိသော ဘိလပ်မြေအိတ်များကို ရဲရွာစီမံကိန်း၊ တံတားစီမံကိန်းနှင့် အမြန်လမ်း စီမံကိန်းများအတွက် ဦးစားပေး ဖြန့်ဖြူးလျက်ရှိကြောင်း၊ ဒုတိယဦးစားပေးအဖြစ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

စက်မှုနယ်မြေ

ယင်းဘိလပ်မြေစက်ရုံ အနီးဝန်းကျင်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန် ရည်ရွယ်လျက် စက်မှုနယ်မြေအဖြစ် သတ်မှတ်ပြီး အခြားစက်ရုံများကိုလည်း တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

စက်ရုံများ

အဆိုပါစက်ရုံများမှာ ဘိလပ်မြေစက်ရုံ၊ အဆင့်မြင့် မီးခံအုတ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်ခေါင်းစက်ရုံ၊ ဖိနပ်စက်ရုံ၊ စွပ်ကျယ်စက်ရုံနှင့် သကြားလုံးစက်ရုံများဖြစ်ကြသည်။

ဖွင့်လှစ်ထား

ထို့အပြင် ကျောက်ဆည်မြို့နယ်အတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနက အင်ရောင်းဆေးထိုးအပ် ထုတ်လုပ်ရေးစက်ရုံနှင့် စတီးလ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံတို့ကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

ဝယ်ယူသုံးစွဲနိုင်

ဤကဲ့သို့ နိုင်ငံတော်က ကျောက်ဆည်ခရိုင်အတွင်း စက်ရုံအများအပြား တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည့်အပြင် ပြည်တွင်းဖြစ်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဘိလပ်မြေစက်ရုံ

ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ဝင်းအတွင်း ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တံတားဦး အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၈

တံတားဦး အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉၅၃-၂၀၀၉) ခုနှစ်အတွင်း တံတားဦး အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ရှိထင်ရှားသက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့်နှစ် ဇန်နဝါရီ ၂၅ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် တံတားဦးအထက 'ရတနာထွန်း' ခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အလှူငွေများကို စက်တင်ဘာ ၂၅ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာကျော်တင် ဖုန်း-၀၆၆-၄၄၀၅၈၊ ၄၄၂၃၆၊ ၀၉-၉၀-၅၀၈၉၆၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းသူ ၀၆၆-၄၄၀၆၇၊ ၀၉-၆၈-၀၈၈၃၆၊ ၀၉-၂၀-၂၄၉၉၄နှင့် အတွင်းရေးမှူး ဦးစိုးမိုးအောင် ၀၆၆-၄၄၁၂၁၊ ၄၄၁၂၂၊ ၄၄၁၂၅၊ ၀၉-၂၀-၂၁၂၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဈေးပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ဩဂုတ် ၁၂ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိန်းနီစည်ပင်သာယာရေးအဖွဲ့ ရေမြောင်းများ ရှင်းလင်းခြင်းဆောင်ရွက်

သိန်းနီ ဩဂုတ် ၂၈

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးတွင်းကာလ၌ ရေလျှံမှုများကြောင့် လမ်းများပျက်စီးမှုမှကာကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ အဆိုပါလုပ်ငန်းများအနက် မြို့တွင်းလမ်းတစ်ခုဖြစ်သော ဟော်ဟောင်းလမ်း၏ ဝဲ၊ ယာရေမြောင်းများ ရှင်းလင်းခြင်းကို ရပ်ကွက်သူ ရပ်ကွက်သားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းနှင့်အဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ် ၂၅ရက် နံနက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးခင်စော ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

အင်အားပြင်းမြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ် ၂၈ရက် နံနက် မြန်မာစံတော်ချိန် ၈နာရီ ၂၇မိနစ် ၁၀စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၁၅၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (တရုတ်နိုင်ငံ) တစ်နေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၂အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှုများပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၃၀-၈-၂၀၀၉)ရက်

၂၀၀၉ခုနှစ် စက်တင်ဘာလအတွက် (၁၃-၉-၂၀၀၉)ရက် နှင့် (၂၇-၉-၂၀၀၉)ရက်

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဒုတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု ပညာရပ်နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိမိတို့အားလုံး ရရှိပြီးဖြစ်သည့် အသိပညာရပ်များကို ကိုယ်စီကိုယ်င ဝေမျှအသုံးချ မိမိအကျိုး၊ ပတ်ဝန်းကျင်အကျိုး၊ နိုင်ငံအကျိုးအတွက် တာဝန်သိသိ သစ္စာရှိရှိ သယ်ပိုးဆောင်ရွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားကို ရေအားအရင်းအမြစ်မှ ထုတ်ယူရရှိနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (ပေါင်းလောင်း)၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်သည့် Colenco Power Engg. Ltd. မှ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် ပြည်တွင်းပြည်ပမှ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အတွေ့အကြုံကောင်း

အခမ်းအနားတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယခင်နှစ်က ပထမအကြိမ်ပညာရပ် နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၂၃စောင် ဖတ်ကြားတင်သွင်းခဲ့ကြပြီး ယင်းအချိန်ကလည်း စာတမ်းတစ်ခုချင်းအပေါ် စာတမ်းရှင်များနှင့် တက်ရောက်လာသူများအကြား စိတ်ပါဝင်စားမှုအပြည့်ဖြင့် ပူးပေါင်းဆွေးနွေးမေးမြန်းခဲ့ကြသည့်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များအပါအဝင် ဝန်ကြီးဌာနတစ်ခုလုံး ရေအားလျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဗဟုသုတအဖြာဖြာ ပိုမိုတိုးပွားရရှိလာကြကြောင်း၊အတွေ့အကြုံကောင်းများ ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

အထူးအကျိုးရှိ

ဤနှီးနှောဖလှယ်ပွဲ လုပ်ပေးရသည့် ရည်ရွယ်ချက်မှာလည်း အင်ဂျင်နီယာများသင်ကြား၊ လေ့လာတတ်မြောက်ခဲ့ကြသော စာတွေ့အင်ဂျင်နီယာဘာသာရပ်ကို မိမိတို့ လက်တွေ့နယ်ပယ်တွင် လုပ်ကိုင်ရင်း လေ့လာတွေ့ရှိကြသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်၍ မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာ ရင့်ကျက်လာမှု၊ ပိုမိုတတ်မြောက်လာမှုအပေါ် အခြေခံပြီး ထူးခြားသောကိစ္စ၊ ထူးခြားသော အသိပညာကို မိမိတို့ အင်ဂျင်နီယာနယ်ပယ်တွင် မျှဝေနိုင်ရန်ဖြစ်ကြောင်း၊ ဤကဲ့သို့အသိပညာမျှဝေမှုက တစ်ဆင့်တခြားသူ၏ အသိပညာနှင့် တူညီမှု မတူညီမှုကို ပေါင်းစပ်ငြင်းခုံ ဆွေးနွေးခြင်း၊ Brain Storm လုပ်ခြင်းဖြင့် ပိုမိုရင့်ကျက်သော တူညီသော အသိတစ်ခုရရှိစေနိုင်ကြောင်း၊ ထို့ကြောင့် ဤနှီးနှောဖလှယ်ပွဲသည် မိမိတို့ဌာနတွင်းရှိ အင်ဂျင်နီယာများအတွက်ရော ပူးပေါင်းဆောင်ရွက်ကြသည့် ကုမ္ပဏီများမှ အင်ဂျင်နီယာများအတွက်ပါ အထူးအကျိုးရှိစေသော နှီးနှောဖလှယ်ပွဲဖြစ်ကြောင်း။

ယခုနှစ် နှီးနှောဖလှယ်ပွဲအတွက် ဝန်ကြီးဌာနကရော ရေအားလျှပ်စစ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နေကြသည့် ကုမ္ပဏီအသီးသီးကပါ ရေအားလျှပ်စစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ အတတ်ပညာနှင့် လုပ်ငန်းခွင်တွင် ကြုံတွေ့ခဲ့ရာမှ ရရှိသော အသိပညာများ ပေါင်းစပ်အခြေခံလျက် သုတေသနပြုခဲ့သော စာတမ်း ၅၀ တင်သွင်းခဲ့ကြပြီး ယင်းအထဲမှ စာတမ်း ၃၅စောင်ကို ဤနှီးနှောဖလှယ်ပွဲတွင် တင်ပြဆွေးနွေးကြမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်ကဏ္ဍ၌ အမျိုးမျိုးသော တမံများ တည်ဆောက်လာနိုင်ခြင်း၊ ဘူမိဗေဒအခြေအနေအမျိုးမျိုး၌ ဥမင်လိုဏ်အမျိုးမျိုးဖောက်လုပ်နိုင်ခြင်း၊ ကွန်ကရစ်နည်းပညာများ၊ ပိုဇိုလန်ပူးတွဲပါဝင်အသုံးပြုနိုင်သော RCC တမံများ ဆောက်လုပ်နိုင်ခြင်း၊ နည်းပညာနှင့် ပုံသဏ္ဌာန်အမျိုးအစား ကွဲပြားကြသော ဓာတ်အားပေးစက်ရုံများ ဆောက်လုပ်ခြင်း၊ အမျိုးမျိုးသော စက်ယန္တရားများကို ထိထိရောက်ရောက် အသုံးပြုနိုင်ခြင်း၊ (ဥပမာ- Trench Cutter ၊ ကရိန်းအမျိုးမျိုး၊ Drilling Jumbo အမျိုးမျိုးစသည်တို့ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်လာခြင်း)၊ ရေအားလျှပ်စစ်စီမံကိန်းများအတွက် စူးစမ်းလေ့လာခြင်းနှင့် ဒီဇိုင်းအမျိုးမျိုးရေးဆွဲခြင်း၊ ရေအားလျှပ်စစ်စက်ရုံ အမျိုးမျိုးကို မောင်းနှင်၍ ဓာတ်အားထုတ်လုပ်လာနိုင်ခြင်းစသည့် တိုးတက်မှုများ မိမိတို့ဝန်ကြီးဌာနတွင် ရရှိလာခဲ့ပြီဖြစ်ကြောင်း။

ဤလုပ်ငန်း၊ ဤတိုးတက်မှုနှင့် ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲမှုကဏ္ဍတွင် မြို့ပြ၊ လျှပ်စစ်၊ စက်မှု၊ ဘူမိစသော အင်ဂျင်နီယာများနှင့် ယင်းအင်ဂျင်နီယာ ပညာရပ်များသည် မရှိမဖြစ် အရေးပါလျက်ရှိကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲ၌လည်း ရေအားလျှပ်စစ်ကဏ္ဍတွင် ပါဝင်ကြသော ပြည်တွင်း၊ ပြည်ပနှင့် ဌာနအတွင်းနှင့် ဌာနအပြင်ဘက် ကုမ္ပဏီများမှ အင်ဂျင်နီယာများ၊ အတတ်ပညာ၊ အသိပညာရှင်များက ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ဆောင်ရာမှရရှိခဲ့ကြသော အတွေ့အကြုံနှင့် သုတေသနပြု တွေ့ရှိချက်များကို သုတေသနစာတမ်းအဖြစ် တင်ပြကြမှာဖြစ်သည့်အတွက် ပိုပြီးဝမ်းမြောက်ဖွယ်ရာဖြစ်ပြီး ပိုပြီးနှစ်ထောင်းအားရဖြစ်မိကြောင်း၊ ဤနှီးနှောဖလှယ်ပွဲကြောင့် ရရှိမည့်အကျိုးအမြတ်မှာ အင်ဂျင်နီယာများအနေဖြင့် အသိပညာပိုမိုတိုးတက်လာမည်ဖြစ်ပြီး မိမိတို့ ကိုယ်တိုင်အတွက်ရော၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အလွန်အရေးပါသည့် အကျိုးအမြတ် တစ်ခုရရှိမည်ဟု ယုံကြည်ကြောင်း။

ရည်မှန်းချက်

နိုင်ငံတော်တွင် အလတ်စားနှင့် အကြီးစား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များမှာ မဂ္ဂါဝပ် ၄၆၀၀၀ကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရန်နှင့် စက်မှုနိုင်ငံ ဖြစ်ပေါ်လာရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရသည် ၂၀၀၁-၂၀၀၂ခုနှစ်မှစပြီး နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်မှာ နှစ် ၃၀ စီမံကိန်းပြီးဆုံးသော ၂၀၃၀-၂၀၃၁ ခုနှစ်တွင် တစ်နိုင်ငံလုံး စက်တပ်ဆင်အား ၂၃၃၂၄ မဂ္ဂါဝပ်ရရှိရန်ဖြစ်ကြောင်း။

ထို့အတွက် နိုင်ငံတော်အစိုးရသည် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရန် နည်းလမ်း သုံးခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ-

(၁) ဝန်ကြီးဌာနက ရေအားလျှပ်စစ်စီမံကိန်းများ ကိုယ်တိုင်ဆောင်ရွက်၍ ဓာတ်အားထုတ်လုပ်ခြင်း၊

(၂) နိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများမှ ရေအားလျှပ်စစ်စီမံကိန်းများ ကိုယ်တိုင်ဆောင်ရွက်၍ ဓာတ်အားထုတ်လုပ်ခြင်း၊

(၃) ပြည်ပနိုင်ငံများမှ ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံခွင့်ပေး၍ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပြီး ဓာတ်အား ထုတ်လုပ်ခြင်းတို့ဖြစ်ကြောင်း။

ယင်းနည်းလမ်း သုံးခုဖြင့် ဆောင်ရွက်ရာတွင်ဆောင်ရွက်နေသော အဆင့်စီမံကိန်း ၂၈ခုရှိပြီး လျှပ်စစ်စက်တပ်ဆင်အားသည် ၂၈၈၀၈ မဂ္ဂါဝပ် ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း ၁၁ခုရှိပြီး လျှပ်စစ်စက်တပ်ဆင်အား ၅၂၃၃ မဂ္ဂါဝပ်ရှိကြောင်း။

တိုးတက်ရရှိ

ဆောင်ရွက်ဆဲ စီမံကိန်းများသည် ယခင်နှစ်မှစ၍ ၁၅နှစ်အတွင်း တစ်ခုပြီးတစ်ခု ပြီးစီးသွားမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားသည် တစ်နှစ်ပြီးတစ်နှစ် တိုးတက်ရရှိလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မိမိတို့အားလုံး အသီးသီးရရှိပြီးဖြစ်သည့် အသိပညာရပ်များကို ကိုယ်စီကိုယ်င ဝေမျှအသုံးချပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိနိုင်ငံအကျိုးအတွက် တာဝန်သိသိ သစ္စာရှိရှိဖြင့် သယ်ပိုးဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း၊ လူမှုအဆောက်အအုံအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားကို ရေအားအရင်းအမြစ်မှ ထုတ်ယူရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ထိရောက်ကျယ်ပြန့်မှုရရှိစေရန်အတွက် ရည်ရွယ်ကျင်းပသည့် ဤပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး ဖြစ်မြောက်ရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက်ကြသူများ၏ ကြိုးပမ်းအားထုတ်မှုကို မှတ်တမ်းတင် အသိအမှတ်ပြုကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရပ်နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တက်ရောက်လာကြသူများသည် ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဒုတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြသထားသော ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းဖြေကြား

ယင်းနောက် ပညာရပ်နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆိုင်ရာ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင် ရှစ်ဦးတို့က ပညာရပ်ဆိုင်ရာစာတမ်းများကို ဖတ်ကြား တင်ပြကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျွမ်းကျင်သူ ပညာရှင် ၁၂ဦးတို့က ပညာရပ်ဆိုင်ရာစာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါ နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၂၉ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၈-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ **အင်္ဂုလိမာလပရိတ်** ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၈။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၉။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)ဝါသနာရှင် (ပထမတန်း) အဆင့်(အမျိုးသား)
- ၈:၃၅ ၁၀။ International News
- ၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၈:၅၅ ၁၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ Yan Can Cook
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၂၃)
- ၁၃:၄၀ ၇။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၃:၅၀ ၈။ **သတိတစ်ချက် တစ်သက်အမှား**
- ၁၄:၀၀ ၉။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၄:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၁၄:၅၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပုသိမ်မုန့်စက်ရုံ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ **ဖွားချစ်ကတားမြစ်ထားသည်**
- ၅:၂၀ ၈။ အကပြိုင်ပွဲ
- ၅:၃၅ ၉။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသမီး)
- ၅:၄၅ ၁၀။ သက်တံရောင်သံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၄၀ ၁၄။ ပဋ္ဌာလက်ကျောင်းတော်
- ၇:၀၀ ၁၅။ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၃၇)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနှလုံးသား** (အပိုင်း-၁၆)
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ အစီအစဉ်ပြီး၏။

ပြည်တွင်းမှထုတ်လုပ်သည့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးနှစ်မျိုး

ယနေ့ကမ္ဘာပေါ်တွင် ရောဂါပိုးများနှင့်ကျန်းမာရေးအန္တရာယ်များ ပိုမိုများပြားလာသည့်နည်းတူ ၎င်းတို့ကို တိုက်ဖျက်ကာကွယ်နိုင်သည့် ကုသဆေးများ၊ ကာကွယ်ဆေးများကိုလည်း ဖော်ထုတ်နိုင်လာပါသည်။ ယင်းကာကွယ်ဆေးများအနက် သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင် အသားဝါ (ဘီ) ကာကွယ်ဆေး (Plasma-derived hepatitis B vaccine)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အန္တရာယ်အကင်းဆုံးနှင့် အာနိသင်အထက်မြက်ဆုံး ကာကွယ်ဆေးတစ်ခုအဖြစ် အသိအမှတ်ပြုထားပါသည်။

အသည်းရောင်အသားဝါ(ဘီ)ရောဂါသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသော်လည်း အနောက်နိုင်ငံများတွင်(ဘီ)ပိုးသယ်ဆောင်သူ ဝဒသမ၁ ရာခိုင်နှုန်းမျှသာရှိပြီး အာရှ၊ အာဖရိကနိုင်ငံများတွင်မူ ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိ ရှိသည်။ အသည်းရောင်အသားဝါ(ဘီ)ပိုး သယ်ဆောင်သူများသည် တစ်ချိန်ချိန်တွင် အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါများ ဖြစ်လာနိုင်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မွေးကင်းစကလေးအားလုံးကို ကာကွယ်ဆေးထိုးပေးခြင်းသည် အသည်းကင်ဆာအပါအဝင် နာတာရှည်အသည်းရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ထိန်းသိမ်းသည့် အထိရောက်ဆုံး နည်းလမ်းဖြစ်ကြောင်း ထောက်ခံထားသည်။

၁၉၈၁ခုနှစ်မှစ၍ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေးကို စတင်ထုတ်လုပ်မှတ်ပုံတင်ပြီး တစ်ကမ္ဘာလုံးသို့ ဖြန့်ချိ အသုံးပြုခဲ့ပါသည်။ ယခုအချိန်ထိဆိုလျှင် သွေးရည်ကြည်မှထုတ်သည့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးလုံးရေ သန်း ၂၀၀ကျော်ကို ကမ္ဘာအနှံ့အပြားတွင် လက်ခံ၍ အောင်မြင်စွာ အသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ ယင်း၏ အန္တရာယ်ကင်းမှုမှာ ထင်ရှားကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်တမ်းတင်ထားပါသည်။ ယနေ့ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှတ်တမ်းများအရ အနောက်နိုင်ငံများတွင် သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သော(ဘီ)ပိုးပါဝင်သည့် သွေးရည်ကြည်စုဆောင်းရန် ခက်ခဲခြင်း၊ ထုတ်လုပ်သန့်စင်မှု နည်းစနစ်၏ အဆင့်များပြားခက်ခဲမှုရှိခြင်း၊ စံချိန်စံညွှန်းကိုက်ညီရေး (Quality Control)အတွက် ဓာတ်ခွဲခန်းတိရစ္ဆာန်အများအပြား အသုံးပြုစမ်းသပ်ရန် လိုအပ်ခြင်းတို့ကြောင့် ယင်းကာကွယ်ဆေးအစား ဗီဇနည်းပညာဖြင့်ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး (Recombinant Hepatitis B vaccine)ကို ပြောင်းလဲထုတ်လုပ်ခဲ့ကြပါသည်။

သို့ရာတွင် ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အီရန်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံများတွင် သွေးရည်ကြည်မှ ထုတ်လုပ်သော ကာကွယ်ဆေး သန်းပေါင်းများစွာ ထုတ်လုပ်၍ အန္တရာယ်ကင်းစွာ အသုံးပြုနေကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နှင့် UNDP အထောက်အပံ့တို့ဖြင့် သွေးရည်ကြည်မှထုတ်လုပ်သော အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေးကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ထုတ်လုပ်ရန်အတွက် သုတေသနပြုလုပ်ခဲ့ရာ ၁၉၉၇ခုနှစ်တွင် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်သောအဆင့်အထိ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့ သွေးဌာနမှ အန္တရာယ်ကင်းရှင်းကြောင်းကို စမ်းသပ်စစ်ဆေးပြီး အာမခံချက်ရရှိခဲ့ပါသည်။ ၎င်းကာကွယ်ဆေးကိုWHO မှ စံအဖြစ် သတ်မှတ်ထားသော အန္တရာယ်ကင်းကြောင်းနှင့် အာနိသင်ထိရောက်မှုရှိကြောင်း သက်သေအထောက်အထား ခိုင်မာစေရန် ၁၉၉၄ခုနှစ်တွင် နယူးယောက်သွေးဌာန၏ အစီအစဉ်ဖြင့် Liberia နိုင်ငံ သုတေသနဌာန၌ ချင်ပန်ဇီမျောက်ဝံနှစ်ကောင်ပေါ်တွင် ဆေးထိုး၍အန္တရာယ်ကင်းကြောင်း စမ်းသပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၁ခုနှစ်မှစ၍ ကမ္ဘာအနှံ့အပြားတွင် ထုတ်လုပ်အသုံးပြုထားသော သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများသည် Chimpanzee safety test အောင်ထားသောဆေးများဖြစ်၍ ယခုအထိနှစ်ရှည်လများ (နှစ်ပေါင်း ၃၀ခန့်) အန္တရာယ်ကင်း၍ အာနိသင်ကောင်းစွာ သုံးနိုင်သော ကာကွယ်ဆေးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဒေါက်တာ ခင်ပြုံးကြည်

သွေးရည်ကြည်မှထုတ်သော ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် သွေးလှူဘဏ်များမှ သွေးလှူရှင်များ လှူဒါန်းထားသည့် သွေးများအနက် (ဘီ)ရောဂါပိုးပါဝင်သော သွေးများကို သုံးရပါသည်။ သွေးလှူဘဏ်တွင် HIV ကာလသားရောဂါနှင့်အသည်းရောင်အသားဝါ(စီ)ပိုးအစရှိသည်တို့ကိုစမ်းသပ်ပြီးဖြစ်သဖြင့် သွေးလှူဘဏ်မှရရှိသောသွေးများတွင် အဆိုပါ ရောဂါပိုးများ ကင်းရှင်းပါသည်။ ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် သွေးရည်ကြည်အား ခွဲထုတ်ယူပြီးနောက် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ယင်းရောဂါပိုးများကင်းရှင်းကြောင်း ဒုတိယအကြိမ်ထပ်မံစစ်ဆေးအတည်ပြုထားခြင်းကြောင့် ရောဂါ လုံးဝမကူးစက်နိုင်ပါ။ သွေးရည်ကြည်မှ ပိုးအားလုံးဖယ်ရှားသော အဆင့်ဆင့်သန့်စင်မှုပြုလုပ်ပြီး (ဘီ)ပိုးအပြင်လွှာကို အန္တရာယ်ကင်းရန် ပြုလုပ်ပါသည်။ ယင်းနှစ်ဆင့်အပူပေး အမေရိကန်(NYBC) နည်းစနစ်သည် သွေးရည်ကြည်မှ ကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုး ၁၂မျိုးအပါအဝင် ကျန်ပိုးအားလုံးကို လုံးဝဖယ်ရှားနိုင်သော အာမခံနည်းစနစ်ဖြစ်ပါသည်။ ကာကွယ်ဆေးအဖြစ် (ဘီ)ပိုးအပြင်လွှာ၏ ရောဂါကင်းစင်သန့်စင်ပြီး လုံးဝမကူးစက်နိုင်သော အသက်မရှိသည့် အစိတ်အပိုင်းကိုသာ အသုံးပြု၍ ရောဂါပိုး လုံးဝ မကူးစက်နိုင်ပါ။ SARS, Avian Flu, Swine Flu တို့မှာ လေတွင်ပျံ့လွင့်နေသော ဗိုင်းရပ်စ်ပိုးများဖြစ်ပြီး အဆုတ်အတွင်းသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရှူသွင်းမိမှသာ ကူးစက်ခြင်းဖြစ်သဖြင့် ယင်းရောဂါတို့မှာ ကာကွယ်ဆေးမှတစ်ဆင့် လုံးဝမကူးစက်နိုင်ပါ။ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးအား အခြားဆေးများ ထုတ်သည့်နည်းတူ ပိုးမွှားသန့်စင်ထားသော အဆင့်မြင့်ဓာတ်ခွဲခန်းများတွင် စံချိန်စံညွှန်းနှင့်အညီ အဆင့်ဆင့်ထုတ်လုပ်ထားသဖြင့် မည်သည့်ရောဂါမျှ မကူးစက်နိုင်ပါ။

ဖော်ပြပါ သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် လူပေါင်း နှစ်သိန်းကျော်အား ၁၂နှစ်တာကာလအတွင်း ထိုးနှံပေးခဲ့ရာတွင် တစ်ဦးတစ်ယောက်မျှ ကာကွယ်ဆေးကြောင့် အန္တရာယ်ရှိမှု မတွေ့ရှိခဲ့ပါ။ ကာကွယ်ဆေး ဆေးအောင်ရာခိုင်နှုန်းမှာလည်း နိုင်ငံတကာတွင် အသုံးပြုနေသော ကာကွယ်ဆေးနှစ်မျိုးစလုံး၏ ဆေးအောင်နှုန်းဖြစ်သော ရာခိုင်နှုန်း ၉၀ကျော်နှင့် အတူတူပင်ဖြစ်သည်။

အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးများ၏ စွမ်းဆောင်ချက်အပါအဝင် အခြားကာကွယ်ရေး နည်းစနစ်များ၏ အောင်မြင်မှုကြောင့် အသည်းရောင်အသားဝါ(ဘီ)လူနာအသစ်များတွင် ဖြစ်ပွားနှုန်းသည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာပေါ်တွင်ပါ ကျဆင်းလာပြီ ဖြစ်သည်။ ထို့ကြောင့် သွေးလှူဘဏ်များတွင်လည်း ဘီပိုးတွေ့ရှိချက် ကျဆင်းလာ၍ ကာကွယ်ဆေး ထုတ်လုပ်ရန်အတွက် (ဘီ)ပိုးပါရှိသော သွေးရည်ကြည်စုဆောင်းရန် ခက်ခဲလာသည်။ မြန်မာနိုင်ငံတွင် မွေးကင်းစကလေးများအားလုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၂ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၌ သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး တစ်နှစ်လျှင် ကလေးလုံးရေ နှစ်သန်းနှင့် ဗီဇနည်းပညာဖြင့် ထုတ်လုပ်သော အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေး တစ်နှစ်လျှင် ကလေးလုံးရေငါးသန်း စုစုပေါင်းကလေးလုံးရေ ခုနစ်သန်းထုတ်လုပ်နိုင်မည့် အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံကြီးကို ကိုရီးယားချေးငွေ EDCF LOAN ဖြင့် လှည်းကူးမြို့နယ် အမှတ် ၇ လမ်းမကြီးပေါ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။

၂၀၀၆ခုနှစ်တွင် နိုင်ငံတော်၏ အစီအစဉ်အရ ထုတ်လုပ်ထားသော Recombinant HB vaccine ၁ ဒသမ ၆သန်းစာအတွက် HBsAg ၊ ကျွမ်းကျင်သူ ၇၆ ဦးနှင့်တကွ ကာကွယ်ဆေးစက်ရုံအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းသို့ လွှဲအပ်ပေးခဲ့သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင် ၁၃ဦးက ၂၀၀၆-၂၀၀၇ တစ်နှစ်တာကာလအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် ပူးတွဲလုပ်ဆောင်ပြီး နည်းပညာလွှဲအပ်ပေးခဲ့သည်။ ၎င်းကာကွယ်ဆေးနှစ်မျိုးစလုံးကိုလည်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ(Ethical Review Committee)၏ ခွင့်ပြုချက်အရ လူပုဂ္ဂိုလ်များပေါ်တွင် စမ်းသပ်ခြင်းများ (Clinical trials) ဆောင်ရွက်ခဲ့ရာ အန္တရာယ်ကင်းကြောင်းနှင့် အာနိသင်ရှိကြောင်းကို စစ်ဆေးတွေ့ရှိပြီးဖြစ်ပါသည်။

ဗီဇနည်းပညာကို သုံးသော Recombinant vaccine ၏ အားသာချက်မှာ Master cell bank တစ်ခုမှ working cell bank များစွာ တိုးပွား၍ ထုတ်လုပ်နိုင်သဖြင့် ကုန်ကြမ်းရှာဖွေ စုဆောင်းရန်မလိုဘဲ Fermenter တွင်ပွားများအသုံးပြုခြင်း ဖြစ်ပါသည်။ သွေးရည်ကြည် မသုံးရ၍ HIV, HCV, ကာလသားပိုးများ စစ်ဆေးရန်မလိုဘဲ ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်မှာလည်း ပိုမိုလွယ်ကူလာသည်။ Quality Control Tests များအတွက် ဓာတ်ခွဲခန်းတိရစ္ဆာန်သုံးစွဲမှုသက်သာပြီး Inactivation လုပ်ရန် အဆင့်လည်း မလိုတော့ပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ Recombinant HB ကာကွယ်ဆေး၏အန္တရာယ်ကင်းမှုနှင့်အာနိသင်သည် မူလစံထားသော သွေးရည်ကြည်မှ ထုတ်လုပ်သည့် ကာကွယ်ဆေး၏စံနှုန်းကို မီ၊ မမီ ယှဉ်ကြည့်ရပါသည်။ တစ်ဖန် သွေးရည်ကြည်မှထုတ်သော ကာကွယ်ဆေးတွင် (ဘီ)ပိုး၏ အပြင်လွှာ တစ်ခုလုံးပါ၍ ပိုအာနိသင်ကောင်းကြောင်း၊ Recombinant HB vaccine မှာ (ဘီ)ပိုးအပြင်လွှာ၏ ဗီဇအစိတ်အပိုင်းသာပါ၍ less immunogenic ရောဂါပြီးမှု အာနိသင်ပိုနည်းသည်ဟု အချို့ပညာရှင်များက ယူဆသည်။ သို့ရာတွင် သာမန်အားဖြင့် ကာကွယ်ဆေးသုံးလုံးထိုး၍ ပဋိပစ္စည်း(Antibody) မပေါ်ပါက ကာကွယ်ဆေး နောက်တစ်မျိုး(အပြန်အလှန်)ထိုး၍ အာနိသင်ပိုထက်မြက်အောင် ဆောင်ရွက်ရပါသည်။

သို့ဖြစ်ပါ၍ ယင်းကာကွယ်ဆေးနှစ်မျိုးစလုံးမှာ အများပြည်သူအတွက် အာနိသင်ထိရောက်၍ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အသည်းရောင်အသားဝါ(ဘီ)ပိုး သယ်ဆောင်သူများသည် တစ်ချိန်ချိန်တွင် အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါများ ဖြစ်လာနိုင်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မွေးကင်းစ ကလေးအားလုံးကို ကာကွယ်ဆေးထိုးပေးခြင်းသည် အသည်းကင်ဆာအပါအဝင် နာတာရှည် အသည်းရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ထိန်းသိမ်းသည့် အထိရောက်ဆုံး နည်းလမ်းဖြစ်။

တောင်သူပညာပေးဟောပြောပွဲ အင်တော်မြို့၌ကျင်းပ

ရပ်စောက် ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက တောင်သူပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ဟောပြော

အဆိုပါ ပညာပေးဟောပြောပွဲ၌ ရှမ်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်ရင်က အမှာစကားပြောကြားပြီး **(ယာပုံ)** မျိုးစေ့တာဝန်ခံ၊ ပိုးမွှား ရောဂါကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

တက်ရောက်

ပညာပေး ဟောပြောဆွေးနွေးပွဲသို့ မြို့အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ်ပြိုင်ပွဲဝင် နည်းပြတို့ရဲ့ ဖွင့်ဟစကား

မောင်မောင်မြင့်ဆွေ ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု သောင်းရွှေ (မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၂၈

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲအတွက် အသင်းတွေကို အုပ်စုခွဲမဲနှိုက်ရွေးချယ်လိုက်ပြီ ဖြစ်ပါတယ်။ အုပ်စုရှစ်စုအဖြစ် မဲနှိုက်ဆုံးဖြတ်လိုက်တဲ့အခါ လက်ရှိချန်ပီယံ ဘာစီလိုနာ၊ ဒုတိယရရှိခဲ့တဲ့ မန်ယူနဲ့ ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလား ရနိုင်တယ်လို့ ရေပန်းစားနေတဲ့ ချယ်လ်ဆီး၊ အင်တာမီလန်

အသင်းတွေရဲ့ နည်းပြတွေ ပြောစကားတွေကို ဖော်ပြလိုက်ရပါတယ်-

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ

"ပြိုင်ဘက် အင်တာမီလန်နဲ့ တစ်အုပ်စုတည်း ကျတာမို့ ကျွန်တော်တို့အတွက်ပိုပြီး စိတ်ခတ်တက်ကြွစေပါတယ်။ လက်ရှိ အနေအထားအရ ယူကရိန်းနဲ့ ရုရှားကလပ်အသင်းတွေကိုလည်း လျှော့တွက်လို့မရပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်ကတော့ ခိုင်ခိုင်မာမာ ရှိနေပါတယ်။ မနှစ်ကထက် ပိုထိရောက်တဲ့ နည်းဗျူဟာတွေ အသုံးပြုပြီး ကြိုးစားသွားမှာပါ"ဟု ဘာစီလိုနာ နည်းပြ ဂွါဒီယိုလာက ပြောကြားသွားပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်

"အုပ်စု အနေအထား အရတော့ ကျွန်တော်တို့ ကံကောင်းတယ်လို့ ဆိုပေမယ့် စီအက်စ်ကေအေအသင်းဟာ ပြီးခဲ့တဲ့နှစ်တွေကတည်းက ခြေစွမ်းထက်လာတဲ့ အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ဘက်ရှီးတပ်စ်ကလည်း ခက်ခက်ခဲခဲ ကစားရမယ့် အသင်းဖြစ်တာမို့ အသင်းတိုင်းကို ကျွန်တော်တို့ အလေးထား ကစားသွားရမှာပါ။

မန်ယူဟာ ချန်ပီယံလိဂ်ဖလား ရယူနိုင်တဲ့ ခြေစွမ်းရှိနေတယ်ဆိုတဲ့အကြောင်း ပွဲရလဒ်တွေနဲ့ ပြသသွားမှာပါ"လို့ နည်းပြကြီး ဖာဂူဆန်က ပြောကြားသွားပါတယ်။

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ

"အုပ်စုအရ ကျွန်တော်တို့အသင်း ခက်ခက်ခဲခဲ ကစားမှ နိုင်ပွဲရမယ့်အနေအထားပါပဲ။ ပေါ်တိုဟာ အသင်းကောင်းဖြစ်ပြီး ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေအများကြီး ရှိနေပါတယ်။ ဒါ့အပြင် အက်သလက်တီကို မက်ဒရစ်အသင်းဟာလည်း စပိန်မှာတော့ ထိပ်တန်းအသင်းတစ်သင်းပါပဲ။ ဒါပေမယ့် ဒီအသင်းတွေကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားကောင်းတွေ ချယ်လ်ဆီးမှာအများကြီးရှိနေပါတယ်။ ဒီအတွက် စိုးရိမ်မှုမရှိပါဘူး"လို့ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသွားပါတယ်။

အင်တာမီလန်နည်းပြ မော်ရင်ဟို

"ချန်ပီယံလိဂ်ဖလား လက်ဝယ်ရှိနေတဲ့ ဘာစီလိုနာအသင်းနဲ့ တစ်အုပ်စုတည်း လာကျတာ ကံကောင်းခြင်းတစ်ရပ်ပါပဲ။ ကျွန်တော်တို့ ချန်ပီယံလိဂ်ဖလားရမယ့်နိမိတ်ပါ။ အင်တာမီလန်ဟာ ချန်ပီယံလိဂ်ဖလားရယူဖို့အတွက် အခုချိန်ကစပြီး အသင့်ရှိနေပါပြီ။ ပြိုင်ဘက်အသင်းတိုင်းကို အနိုင်ရအောင်ကစားသွားမယ့် ခြေစွမ်းမျိုးလည်းရှိနေပြီဆိုတော့ ပူပန်စရာ မရှိပါဘူး"လို့ နည်းပြ မော်ရင်ဟိုက ပြောကြားသွားပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

မန်စီးတီးနောက်တန်းလူ ဗီလာသို့ ပြောင်းရန် သဘောတူ

လန်ဒန် ဩဂုတ် ၂၈

မန်စီးတီး နောက်တန်းကစားသမား ရစ်ချတ်ဒန်းအား အက်စ်တွန်ဗီလာအသင်းက ခေါ်ယူစာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

ဖော်ပြ

အသက်၂၉နှစ်ရှိ မန်စီးတီးအသင်းခေါင်းဆောင် ဒန်းသည် ပြောင်းရွှေ့ရေးကိစ္စ အသေးစိတ်ဆွေးနွေးရန် ဘာမင်ဂမ်မြို့သို့ သွားရောက်လိမ့်မည်ဖြစ်ကြောင်း ဗီလာ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရစ်ချတ်ဒန်းသည် ဗီလာသို့ရောက်ရှိသွားပါက မန်စီးတီးတွင် အဲဗာတန်မှ ပြောင်းလာသော လက်စ်ကော့နှင့် အာဆင်နယ်မှ ပြောင်းလာသည့် တိုရေးတို့ အပြိုင်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း လန်ဒန်ဘောလုံးပရိသတ်များက ထင်ကြေးပေးနေကြသည်။ ၎င်းသည် အိုင်ယာလန်အသင်းအတွက် အကြိမ် ၅၀ကျော်ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ (အင်တာနက်)

တောင်အာဖရိက လက်ရွေးစင် ဖူလ်ဟမ်တွင် လာကစားမည်

လန်ဒန် ဩဂုတ် ၂၈

တောင်အာဖရိကလက်ရွေးစင် ကာဂီရှိုးဒစ်ဂါကွိုင်းအား ဖူလ်ဟမ်အသင်းက ခေါ်ယူလိုက်ပြီဖြစ်သည်။

အတွေ့အကြုံများရယူနိုင်

အသက် ၂၄နှစ်ရှိ ကွင်းလယ်ကစားသမား ဒစ်ဂါကွိုင်းအား ဖူလ်ဟမ်က နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လာမည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်တောင်အာဖရိကအသင်းအတွက် ဖူလ်ဟမ်အသင်း၌ အတွေ့အကြုံများ ရယူနိုင်လိမ့်မည် ဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

တိုက်စစ်မှူး စမစ်အား ပို့စ်မောက် လေးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၂၈

ဝက်ဖို့ဒ်အသင်းမှ တိုက်စစ်မှူးတော်မီစမစ်အား ပို့စ်မောက်က လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

စမစ်အား ပို့စ်မောက်က ခေါ်ယူခဲ့သော်လည်း ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်း မပြုခဲ့ပေ။သို့သော်တိုက်စစ်မှူးစမစ်အား နွေရာသီတွင်ရှက်ဖီးယူနိုက်တက်မှ ပေါင် ၁ဒသမ ၈သန်းဖြင့် ကမ်းလှမ်းခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ပို့စ်မောက် ကစားသမား အဲဗာတန်ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၈

အဲဗာတန်အသင်းက ပို့စ်မောက် နောက်တန်းလူ ဆယ်ဗိန်းဒီစတင်အား ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၃၁နှစ်ရှိ ဒီစတင်သည် လက်စ်ကော့ မန်စီးတီးသို့ ထွက်ခွာသွားပြီးနောက် အဲဗာတန်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အဲဗာတန်အသင်းတွင် ဗဟိုခံစစ်မှူးအဖြစ် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

နောက်တန်းကစားသမား ချန်ဘွန်ဒါအား ဘလက်ဘန်းအသင်း စိတ်ဝင်စား

လန်ဒန် ဩဂုတ် ၂၈

ဘလက်ဘန်းအသင်းက စပါး ညာနောက်တန်းကစားသမား ချန်ဘွန်ဒါအား ခေါ်ယူရန် ကြိုးစားနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကမ်းလှမ်းထား

အသက် ၃၀ရှိ ချန်ဘွန်ဒါအား ဘလက်ဘန်းက ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းဖြင့် ကမ်းလှမ်းထားသည်။ ၎င်းသည် ဆန်းဒါးလန်းတွင် ခြောက်လကြာကစားပြီး ဇန်နဝါရီလက စပါးအသင်းသို့ ပြန်လည်ရောက်ရှိလာသည်။

(အင်တာနက်)

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းဖော်ပြသည်

တူရကီတိုက်စစ်မှူး တွန်ကေးအား စတုတ်စီးတီး ပေါင်ငါးသန်းဖြင့် ခေါ်ယူ

တူရကီတိုက်စစ်မှူး တွန်ကေးအား စတုတ်စီးတီးအသင်းက မစ်ဒယ်ဘရော့အသင်းမှ ပေါင်ငါးသန်းဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဟိုလီဖီးနှင့်ထိုးသတ်မည့် ပြိုင်ဘက် မကြာမီထုတ်ပြန်ကြေညာမည်

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း ဟိုလီဖီးသည် လက်ဝှေ့ပြန်လည်ထိုးသတ်မည်ဖြစ်ရာ ၎င်းနှင့်ထိုးသတ်မည့်ပြိုင်ဘက်အမည်ကို သီတင်းတစ်ပတ်အတွင်း တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း ဩဂုတ် ၂၈ရက်တွင် ဟိုလီဖီးက ပြောကြားသည်။

မစ်ဒယ်ဘရော့နောက်ခံလူ ရောဘတ်ဟုပ် စတုတ်အသင်းသို့ ပြောင်းရွှေ့ကစားမည်

မစ်ဒယ်ဘရော့နောက်ခံလူရောဘတ်ဟုပ်အား စတုတ်အသင်းက ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိထားရာ မကြာမီလက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း စတုတ်ကလပ်က ဩဂုတ်၂၈ရက်၌ သတင်းထုတ်ပြန်သည်။

လက်ရှိဘောလုံးသမားများဖြင့် မန်ယူဖလားကာကွယ်နိုင်မည်ဟု ဖာဂူဆန်ပြောကြား

မန်ယူအသင်းသည် ဘောလုံးသမားအသစ် ထပ်မံခေါ်ယူတော့မည် မဟုတ်ကြောင်း၊ လက်ရှိကစားသမားအင်အားနှင့် ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်မည်ဟု ယုံကြည်ကြောင်း ဖာဂူဆန်က ဩဂုတ်၂၈ရက်၌ ပြောကြားလိုက်သည်။

(အင်တာနက်)

ယူအီးအက်ဖ်အေအုပ်စုများခွဲပြီ ဖူလ်ဟမ်နှင့် ရိုးမားတွေ့မည်

လန်ဒန် ဩဂုတ် ၂၈

ယူအီးအက်ဖ်အေဖလား အုပ်စုများကို ဩဂုတ်၂၇ရက်က ထုတ်ပြန်ခဲ့ရာ ချန်ပီယံလိဂ်တွင် ခြေစစ်ပွဲမအောင်ခဲ့သော ဆဲလ်တစ်က ဟမ်းဘတ်၊ တဲလ်အဗစ်နှင့် ရက်ပစ်ဗီယင်နာအသင်းတို့ ပါဝင်သည့် အုပ်စု(ဂ)၌ ပါဝင်မည်ဖြစ်သည်။

ဖူလ်ဟမ်အသင်းက အုပ်စု(င)တွင် အီတလီကလပ် ရိုးမား၊ ဆွစ်ဇာလန်ကလပ် ဘေဆယ်နှင့် ဘူဂေးရီးယားကလပ် စီအက်စ်ကေအေဆိုဖီယာကလပ်များနှင့် ကစားရမည်ဖြစ်သည်။

အုပ်စု(က)တွင် အေဂျက်ဇ်၊ အန်ဒါလက်၊ ဇာဂရက်၊ တီမီဆိုယာရာ အသင်းများပါဝင်သည်။ အုပ်စု(ခ)တွင် ဗလင်စီယာ၊ လီလီ၊ ပရာဟာ၊ ဂျီနိုအာအသင်းတို့ပါဝင်သည်။ အုပ်စု(ဃ)တွင် စပို့တင်းလစ္စဘွန်း၊ ဟာရင်ဗင်း၊ ဟာသာဘာလင်နှင့် ဗင့်စပေးစ်အသင်းတို့ ပါဝင်သည်။

အုပ်စု(စ)တွင် ပနာသီနိုင်ကို့စ်၊ ဂါလာတာစာရေး၊ ဘူဂါရက်ဇ်၊ စတမ်းဂရက်ဇ်တို့ပါဝင်သည်။ အုပ်စု(ဆ)တွင် ဗီလာရီးရဲ၊ လာဇီယို၊ လက်စကီဆိုဖီယာနှင့် ဆယ်ဘတ်အသင်းတို့ ပါဝင်သည်။ အုပ်စု(ဇ)တွင် စတုအာဘူခါရက်ဇ်၊ ဖီနာဘာတ်၊ အက်ဖ်စီတီဘာမ်တေးနှင့် ရှန်(ဖ်)အသင်းတို့ပါဝင်သည်။

အုပ်စု(ဈ)တွင် ဘင်ဖီကာ၊ အဲဗာတန်၊ အေအီးကေအေသင်အသင်းနှင့် ဘိတ်အသင်းတို့ပါဝင်သည်။ အုပ်စု(ည)တွင် ရှက်တာဒိုးနက်၊ ဘရူဂျက်၊ ဘဲဂရိတ်နှင့် တူးလောက်အသင်းတို့ ပါဝင်သည်။ အုပ်စု(ဋ)တွင် အိုင်ဟိုဗင်၊ ကိုပင်ဟေဂင်၊ စပါတာပရက်ဂ်နှင့် စီအက်ဖ်အာအသင်းများ ပါဝင်ကစားရမည်ဖြစ်သည်။ အုပ်စု(ဌ)တွင် ဝါဒါဘရီမင်၊ ဩစတြီးယား ဗီယင်နာ၊ ဘီဘာအိုနှင့် နာစီယိုနယ်အသင်းတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်

ယင်းယူအီးအက်ဖ်အေ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၇ရက်တွင် စတင်ကစားရန် စီစဉ်ထားပြီး နောက်ဆုံးဗိုလ်လုပွဲကို ဟမ်းဘတ်မြို့တွင် ၂၀၁၀ပြည့်နှစ် မေ၁၂ရက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အကူသူနာပြု(အမျိုးသား) သင်တန်းသားများ ခေါ်ယူခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၈ ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် အကူသူနာပြု(အမျိုးသား) သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ သင်တန်းတက်ရန် လျှောက်ထားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံသားဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသူ ဖြစ်ရမည်။
(၂) အမျိုးသားဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်စေရ။
(၃) အခြေခံပညာ အထက်တန်းဆယ်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
(၄) အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

လျှောက်ထားသူသည်-

(၁) ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် အကူသူနာပြု (အမျိုးသား) (Nurse Aid) သင်တန်းကို ၁-၁၀-၂၀၀၉ရက်မှ ၃၁-၁-၂၀၁၀ ရက်အထိ (၄)လကြာ တက်ရမည်။
(၂) သင်တန်းကြေးပေးသွင်းရန်မလိုပါ။
(၃) သင်တန်းကာလအတွင်း နေ့လယ်စာထမင်း အခမဲ့ကျွေးမည်။
(၄) သင်တန်းပြီး၍ အောင်မြင်သူများကို ဆေးရုံကြီးတွင် လစ်လပ်နေရာများရှိပါက အလုပ်ရရှိရေး စီစဉ်ပေးမည်။

- လျှောက်လွှာပုံစံများကို ဆေးရုံကြီးရှိ စီမံရေးရာဌာနခွဲတွင် တောင်းယူ၍ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက် မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်းရဲစခန်း ထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ပညာရေး ထောက်ခံချက် မိတ္တူတို့ဖြင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံကပ်ပြီး ၁၆-၉-၂၀၀၉ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။
- သင်တန်းသားများကို လူတွေ့စစ်ဆေးပြီး ရွေးချယ်သွားမည်။ အသေးစိတ်သိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၅၄၁၇၉၅နှင့် ၀၁-၅၄၅၇၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့။

လူပျောက်ကြော်ငြာ

ဦးစိုးနိုင်ဦး၏သား အထက(၃) ဒဂုံမြို့သစ် (မြောက်ပိုင်း) Grade (11) (G)မှ မောင်စိုးမိုးကျော်၊ အသားညို၊ အသက် ၁၅ နှစ်ခန့်သည် ၁၁-၈-၂၀၀၉ ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ လက်ခံသွေးဆောင် ဖြားယောင်းထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန် - ဦးစိုးနိုင်ဦး
အမှတ် ၉၇၊ ဇေယျာဒီပလမ်း၊
(၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)
ဖုန်း-၅၈၆၃၈၅၊ ၅၈၃၀၁၉။

ယနေ့သင်းငါးအတွက် အကိုးအထိုးအစား (logo)

အတွဲ(၂)၊ အမှတ်(၇)၊ စက်တင်ဘာလ၊ ၂၀၀၉

- ဆရာနန္ဒာသိန်းဇံနှင့် အမေးအဖြေ
- ဦးခေါင်းခွံကို ခေါက်ပြီး တမလွန်ဘဝကို ပြောပြနေတဲ့ ကဗျာဆရာ
- ဗုဒ္ဓတရားကိုးကွယ်သည့် အင်္ဂလိပ် မော်ဒယ်မလေးကိတ်မော့စ်

....စသည် .... စသည်ဖြင့်-
ဓမ္မဘေရီအရှင်ဝီရိယ၊ ပါရဂူ၊ အောင်သင်း
ဓမ္မဒူတ ဒေါက်တာပညိဿရ၊ မြဝင်း(ဒဿန)၊
ဝင်းသိန်းဦး၊ မောင်ဇေယျာ၊ ကံထွန်းသစ်၊ ပုံသကူ၊ မောင်ခိုင်တည်၊ မောင်သိန်းဇော် နတ်စည်စသော ကလောင်ကောင်း၊ ကလောင်သစ်တို့၏ သတင်း၊ ဓမ္မ၊ ရသ၊ သုတ၊ ဟာသ ...စုံလင်စွာဖြင့်

ထွက်ပြီ

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ်(၃/က^၁)၊ အမှတ် ၅၄၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ဦးပြည်စိုး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အနက်မှ ခန့်မှန်းခြေမြေဧရိယာ ၉၉၆၈ စတုရန်းပေခန့် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကိုလည်းကောင်း၊ ယင်းမြေကွက်၏ အနောက်ဘက်တွင် ဆက်စပ်လျက်တည်ရှိသည့် မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက် အမှတ်(သမိုင်း)၊ မြေကွက်အမှတ် (၃/က) အနက်မှ ခန့်မှန်းခြေမြေဧရိယာ ၇၃၅၆ စတုရန်း ပေခန့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဦးဝေစိုး ၁၃/တကန(နိုင်)၀၆၈၅၀၇နှင့် ဒေါ်နန်းလိပ် ၁၂/လမန (နိုင်)၁၀၅၅၁၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည် ဖြစ်ပါ၍ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်
LL.B (အထက်တန်းရှေ့နေ)
အမှတ်(၁၅၈/၁၆၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၀-၁၆၉၉၈။

အမည်ပြောင်း

အဖ ဦးကျော်သူရ၏သား အလက (၁)မိတ္ထီလာသတ္တမတန်း(D)မှ မောင်လူမော်အား မောင်သူရဝင့်ထည်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရဝင့်ထည်
ဖုန်း-၀၉-၅၁-၂၀၂၉၃။

ဖခင်အမည်မှန်

အထက ဝါးနက်ချောင်း မော်ဘီ တက္ကသိုလ်ဝင်တန်း (A) မှ မငုသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင့်နွယ် ၁၂/မဘန(နိုင်)၀၄၄၃၂၇ ဖြစ်ပါသည်။ **ဦးတင့်နွယ်။**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်။

Network စက်ပစ္စည်း - (၉)မျိုး

၂။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပေးသွင်းမှုကို ၁၄-၉-၂၀၀၉ရက် ၁၃း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ် အချက်အလက် စံချိန်စံညွှန်း (Specification) များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
(ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၄၇၂၂။

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်(ဇီးကုန်း)မြို့၊ အောင်သိဒ္ဓိရပ်နေ
ဦးကြည်ဝင်း-ဒေါ်စိန်ရီတို့၏သား

မောင်ကျော်သက်အောင်
B.E (Mechatronic)
(Project Engineer,Ngee Chin Engineering Pte.,Ltd. Singapore)

နှင့်
စင်ကာပူနိုင်ငံနေ
ဦးကျော်ခင် (Second Engineer,Swire Pacitic Ship Management Ltd.Singapore)-
ဒေါ်သန်းသန်းနွဲ့တို့၏ သမီး

မခင်စန္ဒာဦး
(Sale Assistant Dakrasin)

တို့သည် နှစ်ဖက်သော လူကြီးမိဘများ၏ သဘောတူညီချက်ဖြင့် စင်ကာပူနိုင်ငံ (BLK 666A,#04-179,Yishun Ave 4,Singapore 761 666) နေအိမ်တွင် (09/08/09 SUN) ရက် နံနက် ၁၀း၄၅နာရီ၌ ရှေ့နေ Mr.Tan Kan Hoy၊ အသိသက်သေ ကိုလင်းပြည့်စုံ -မအေးနန္ဒာကျော်တို့နှင့်အတူ နှစ်ဖက်လူကြီးမိဘများ၊ ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် သူငယ်ချင်းများ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးခဲ့ပါသည်။ ကျွန်တော် ကျွန်မတို့၏ မင်္ဂလာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျော်သက်အောင်-ခင်စန္ဒာဦး။

နိုင်ငံရပ်ခြား ပညာသင်လိုသူများအတွက်

ဒေါက်တာ နေ

"ပညာမိုးကောင်းကင်သို့ ခရီးနှင်ခြင်း"

နိုင်ငံရပ်ခြား ပညာသင်ယူခြင်းဆိုင်ရာ သိကောင်းစရာများ

တန်ဖိုး- ကျပ် ၁၀၀၀ ယနေ့စတင်ဖြန့်ချိ

ဖြန့်ချိရေး-
- နဝရတ်စာပေ၊ အမှတ် ၈၂၊ (တတိယထပ်)၊ အနော်ရထာလမ်း၊(၃၉ လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၂၅၀၂၂၅၊၂၅၀၁၅၀။
- စာပေလောက (ပန်းဆိုးတန်း)
- အထက်မြန်မာပြည် ဖြန့်ချိရေး ထွန်းဦးစာပေ၊ မန္တလေးမြို့။

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တပင်ရွှေထီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ချောက် ဩဂုတ် ၂၈

မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၉)နယ်မြေ ဈေးရပ်ကွက်ရှိ တပင်ရွှေထီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဩဂုတ်၂၃ရက် နံနက် ၈ နာရီက အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။ **(ယာပုံ)**

ကျေးဇူးတင်စကား

အခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက တပင်ရွှေထီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဈေးရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ တပင်ရွှေထီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် အရှည် ၄၁၅ပေ၊ အကျယ် ၁၂ပေဖြစ်ပြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထည့်ဝင်ငွေ ကတ္တရာ၁ဒသမ ၆တန် သင့်ငွေကျပ် ၁၃၆၀၀၀၀၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၃၇၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၇၃၀၀၀၀ ဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

မြဝတီခရိုင် သုဇနအလင်းရောင်စာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် သတင်းစာများလှူဒါန်း

မြဝတီ ဩဂုတ် ၂၈

မြဝတီခရိုင် မယ်ထော်သလေး ကျေးရွာအုပ်စု မေတ္တာလင်းမြိုင်ကျေးရွာ သုဇနအလင်းရောင်စာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် သတင်းစာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို သုဇနအလင်းရောင်စာကြည့်တိုက်၌ ဩဂုတ်၂၀ရက် နံနက်၁၁နာရီက ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းသော စာအုပ်စာစောင်များ၊မြဝတီမြို့အမှတ်(၅)ရပ်ကွက်နေ ဦးသန်းထွန်းက သုဇနအလင်းရောင်စာကြည့်တိုက်အတွက် သတင်းစာတစ်စောင်ကို လစဉ်လှူဒါန်းခြင်းတို့အား အလှူရှင်များကိုယ်စား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုန်းသွင်က စာကြည့်တိုက် အဆောက်အအုံ အလှူရှင် ဦးစောဘိုရှိန်၏ဇနီး ဒေါ်သီတာမိုးသို့ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

သထုံမြို့နယ် ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၉-၂၀၁၀ ပညာသင်နှစ် သထုံမြို့နယ် ပညာရေးမှူးဒိုင်း အသက်(၁၅)နှစ်အောက် ကျောင်းသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဩဂုတ် ၂၀ရက် ညနေက အထက(ခွဲ) သိမ်ဆိပ်ကျောင်းဘောလုံးကွင်း၌ အထက(၁)သထုံအသင်းနှင့် အထက(ခွဲ) ပုတိန်ရိုးဖော်ဖအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၁)သထုံက အနိုင်ရဗိုလ်စွဲသွားသဖြင့် မြို့နယ်ပညာရေးမှူး ဦးကျော်အောင်က ဒိုင်းဆုကို ချီးမြှင့်ပေးအပ်သည်။ **(ဝဲပုံ)** ဒုတိယဆုရရှိသော အထက(ခွဲ)ပုတိန်ရိုးဖော်ဖအသင်းအား ကျောင်းအကျိုးတော်ဆောင် ဦးအောင်သောင်းသိန်းကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိကြသည့် အထက(ခွဲ)သိမ်ဆိပ်နှင့် အထက ကျိုက္ကော်အသင်းတို့အား ကျောင်းအကျိုးတော်ဆောင် ဦးမြင့်အောင်နှင့် ဦးကျော်ထိုက်တို့ကလည်းကောင်း ချီးမြှင့်ပြီး အကောင်းဆုံး ဘောလုံးသမားဆုရရှိသော အထက(၁)သထုံမှ မောင်အောင်နိုင်ဝင်းအား အထက(ခွဲ) သိမ်ဆိပ်ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်ကဆုချီးမြှင့်သည်။ **(သတင်းစဉ်)**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၆၂၇၃ JLM Dream 110 m/c ယာဉ် လက်ဝယ်ရှိသူ ဒေါ်နန်းဟင်း ၁၃/ပလတ(နိုင်)၀၁၁၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး လှိုင်လင်မြို့။

NEW FANTASY
ခန်းဆီးလိုက်ကာ
အမှတ် ၆၈၀၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ
ဖုန်း-၀၉-၅၁-၄၈၈၁၆။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ (၈/၂၀၀၉) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ယခင် (၇/၂၀၀၉) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြပြီး ဆက်လက် ဆောင်ရွက်မည့် ကိစ္စရပ်တို့ကို ဆွေးနွေးညှိနှိုင်းကြကာ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူမင်နှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူနှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
1.	Newsprint Paper (48.8gsm) (30")	3000 Tons
2.	Woodfree Paper (70gsm) (500Shts/Pkt)	
	(a) (31"x43") (Indonesia)	500 Pkts
	(b) (16½"x 11¾") (A3 Size)	750 Pkts
	(c) (8¼"x 11¾") (A4 Size)	1500 Pkts
3.	Web Offset Ink	
	(a) Black	66,000Kg
	(b) Magenta	1800Kg
	(c) Cyan	1800Kg
	(d) Yellow	1800 Kg
4.	Sheetfed Offset Ink (Black)	4,500Kg
5.	P.S Negative Plates	
	(a) 915x626x0.3mm	1,500Shts
	(b) 889x586x0.3mm	6,000Shts
	(c) 889x609x0.3mm	3,000Shts
6.	Wipe On Aluminium Plate (745x635x0.24mm)	1,500Shts
7.	P.S Negative Developer	650 Litre
8.	Coating A+B Set	450Sets
9.	Developing Lacquer	450Litre
10.	Ortho Film (Roll) (24"x200')	150Rolls
11.	Ortho Film (Sheet) (22"x32") (50 Sht/Box)	270Boxes
12.	Film Developer (10 Lit/Bot)	140Bots
13.	Film Fixer (5 Lit/Bot)	140 Bots
14.	A3 Toner HP Laser Jet 5000N	100Boxes
15.	A3 Toner HP Laser Jet 5200N	60Boxes
16.	Rubber Blanket With T-Bar 890x625x1.95mm	100Shts
17.	Stencil Paper (48 Sht/Box)	450Boxes
18.	Duplicating Ink Tube	450Boxes
19.	Gum Arabic	600Litre
20.	Rubber Blanket	
	(a) (765x780x1.95)mm	45Shts
	(b) (675x645x1.95)mm	90Shts
21.	Imagesetter (နေပြည်တော်)	
	(a) Film (76.8cm x 61m)	70Rolls
	(b) Developer	540Litre
	(c) Fixer	540Litre
22.	Imagesetter (ရန်ကုန်)	
	(a) Film (61cmx60m)	70Rolls
	(b) Developer	540Litre
	(c) Fixer	540Litre
23.	Thermal Plate(889x609x0.30)mm	1500Shts
24.	Developer (Thermal Plate)	150Litre

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၉-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ
ထုခွဲရောင်းချရေးဆပ်ကော်မတီ

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ပြင်ဆင်ဖတ်ရှုပါရန်

၁။ ၂၄-၇-၂၀၀၉ရက်နေ့ထုတ် မြန်မာ့အလင်း စာမျက်နှာ(၁၆)နှင့် ကြေးမုံစာမျက်နှာ(၁၅)၊ ၂၆-၇-၂၀၀၉ရက်နေ့ထုတ် မြန်မာ့အလင်းစာမျက်နှာ(၁၇)နှင့် ကြေးမုံစာမျက်နှာ(၁၅) တင်ဒါကြော်ငြာတွင် အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်-

သတင်းစာအမှတ်စဉ်		သတင်းစာပါတည်နေရာ	ပြင်ဆင်ချက်
		သမဝါယမဝန်ကြီးဌာန	
၃	၄၃	လမ်းမတော်မြို့နယ် အမှတ်(၁၈၄)၊ ဝါးတန်းလမ်း အလျား ၄၀' ×အနံ ၂၀' မြေညီထပ်	ပယ်ဖျက်
၄	၆၁	လသာမြို့နယ် အမှတ်(၇၀၀)၊ မဟာဗန္ဓုလလမ်း၊ အလျား ၁၅' ×အနံ ၅၀' မြေညီထပ်	ပယ်ဖျက်
၅	၆၉	ဗိုလ်တထောင်မြို့နယ် အမှတ်(၁၃၈) ဘိုကလေးဈေးလမ်း အလျား ၂၅' × အနံ ၆၀' မြေညီထပ်	အမှတ်(၁၃၈)ဘိုကလေးဈေးလမ်း အစား အမှတ်(၁၃၆)ဘိုကလေးဈေးလမ်း
၇	၇၆	မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၉၅)၊ ဒေါ်သိန်းတင်လမ်း အလျား ၁၂'× အနံ ၅၀' မြေညီထပ်	ပယ်ဖျက်
		စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	
၁	၈၅	ကျောက်တံတားမြို့နယ် အမှတ်(၁၅၅)၊ ၃၇လမ်း အလျား ၂၇'× အနံ၄၀' မြေညီထပ်	အမှတ်(၁၅၅)၊ ၃၇လမ်းအစား အမှတ်(၁၅၃)၊၃၇လမ်း အကျယ်အဝန်း (၂၇'× ၄၀')အစား (၂၅'×၄၀')
	၈၆	အမှတ်(၁၅၇)၊ ၃၇လမ်း အလျား ၃၇'× အနံ၄၀' မြေညီထပ်	အမှတ်(၁၅၇)၊ ၃၇လမ်းအစား အမှတ် (၁၅၅/၁၅၇)၊ ၃၇လမ်း အကျယ်အဝန်း (၃၇'× ၄၀')အစား (၄၀'×၄၀')
	၉၄	အမှတ်(၂၅၆/၂၇၆)၊ မဟာဗန္ဓုလပန်းခြံလမ်း (၁၂'×၆၀') မြေညီထပ်	အမှတ်(၂၅၆/၂၇၆)၊ မဟာဗန္ဓုလပန်းခြံလမ်း(၁၂'×၆၀') မြေညီထပ်၊ အခန်းအမှတ်(၄)
	၁၀၀	အမှတ်(၄၀၄)၊ မဟာဗန္ဓုလလမ်း အလျား ၆၃'×အနံ ၅၀'နှစ်ထပ်တိုက်တစ်လုံး	အလျား ၆၃'×အနံ ၅၀' နှစ်ထပ်တိုက်တစ်လုံးအစား အလျား ၆၃'×အနံ ၅၀' မြေညီထပ်ခန်းနှင့်ဌာနပိုင်မြေ အကျယ်အဝန်း (၆၅'/၅၀'×၁၀၁'/၅၀'+၅၁')
၅	၁၂၆	ဗိုလ်တထောင်မြို့နယ် အမှတ်(၁၁၈/၁၂၂)၊ဗိုလ်အောင်ကျော်လမ်း အလျား ၅၅'× အနံ ၂၅'ရှိ မြေညီထပ်တိုက်ခန်း နှစ်ခန်း	အလျား၅၅'×အနံ ၂၅'ရှိ မြေညီထပ် တိုက်ခန်းနှစ်ခန်းအစား အလျား ၃၈'× အနံ ၆၀'ရှိ မြေညီထပ်တိုက်ခန်းတစ်ခန်း
	၁၃၀	အမှတ် (၁၁/၁၇)ဘိုကလေးဈေးလမ်း အလျား ၈၀'×အနံ ၆၀'RC လေးထပ်တိုက် တစ်လုံးနှင့် အလျား ၂၅'×အနံ ၆၀'ရှိဂိုဒေါင်တစ်လုံး	အလျား၈၀'×အနံ ၆၀'RC လေးထပ်တိုက်တစ်လုံးနှင့် အလျား ၂၅'× အနံ ၆၀'ရှိ ဂိုဒေါင်တစ်လုံးအစား အလျား ၁၀၀'× အနံ ၆၀'RC လေးထပ်တိုက်တစ်လုံး
		စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	
၁၀	၁၃၆	ကျောက်တန်းမြို့နယ် အမှတ်(၁၄/၂၀၁၉)၊ ကမ်းနားလမ်း၊ အလျား ၄၀'×အနံ ၂၇' ရှိ နှစ်ထပ်အဆောက်အအုံတစ်လုံး	အမှတ်(၁၄/၂၀၁၉)၊ ကမ်းနားလမ်းအစား အမှတ် (၁၅၆)၊ ကမ်းနားလမ်း အကျယ်အဝန်း (၄၀'×၂၇')အစား(၅၈'×၂၉')
၁၂	၁၃၈	လှိုင်သာယာမြို့နယ် အမှတ်၄/၅၊ဗိုလ်အောင်ကျော်လမ်းနှင့်ဘုရင့်နောင်လမ်း ထောင့်၊ အလျား ၂၇'×အနံ ၂၅' ရှိ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်အဆောက်အအုံတစ်လုံး မြေအကျယ်အဝန်း (၈၀'×၆၀')	အမှတ် (၄/၅)၊ ဗိုလ်အောင်ကျော်လမ်းနှင့်ဘုရင့်နောင် လမ်းထောင့်အစား မြေတိုင်း ရပ်ကွက် အမှတ်(၂/၄)၊ မြေကွက် အမှတ်(၁)မဟာဗောဓိလမ်းနှင့်ပီမိုး နင်းလမ်းထောင့် မြေအကျယ်အဝန်း (၈၀'×၆၀')အစား(၄၀ '×၆၀')

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း
မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန ကိုးသိန်း (India Airline)
(၁၇)ညအိပ် ၁၈ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန၊နယူးဒေလီ(3 Stars Hotel)+(တပ်ချ်မဟာ+ဝင်ကြေး)+ကိုလ်ကတ္တား ကျပ်၁၀သိန်းငါးသောင်း။
အိန္ဒိယလေကြောင်းလိုင်းဖြင့် ဗုဒ္ဓဂယာသို့ တိုက်ရိုက်ပို့ဆောင်ပေးပြီး Aircon Bus ကားသစ်များဖြင့် လှည့်လည်၍ အဆင့်မြင့် ဘုန်းတော်ကြီးကျောင်းများ၌ တည်းခိုပြီး အကောင်းဆုံး မြန်မာထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးပါမည်။ စားစရိတ်+တည်းခိုစရိတ်+ Passport+ Visa+ Airticket+မိတ္တူ+စာရွက်စာတမ်းကြေးများပါဝင်ပြီး ဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်း/ပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အာမခံပါသည်။ ဝါကျွတ်ပွဲတော်တွင် လိုက်ပါမည့်ခရီးသည် ၁၀၀အား လေယာဉ်လက်မှတ်သုံးစောင်ကို ကံစမ်းမဲဖောက်၍ မေတ္တာတုံ့ပြန်ပေးမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံးဝ)မဆုံးရှုံးပါ။

ထွက်ခွာမည့်နေ့ - အောက်တိုဘာလတွင် (၂-၁၀-၂၀၀၉)၊ (၅-၁၀-၂၀၀၉)၊ (၁၆-၁၀-၂၀၀၉)၊ (၁၉-၁၀-၂၀၀၉)၊ (၃၀-၁၀-၂၀၀၉)၊
နိုဝင်ဘာလတွင် (၂-၁၁-၂၀၀၉)၊ (၆-၁၁-၂၀၀၉)၊ (၁၆-၁၁-၂၀၀၉)၊ (၂၀-၁၁-၂၀၀၉)၊ (၂၇-၁၁-၂၀၀၉)၊ (၃၀-၁၁-၂၀၀၉)
မှတ်ချက်။ (၁၂)ရက် ခရီးစဉ်ကို အဖွဲ့လိုက်သွားမည်ဆိုပါက အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။

အမှတ် ၃၁၅၊မြေညီထပ်၊ရွှေဘုံသာလမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-26BB[1]၊ မြေကွက်အမှတ်-၁၁၇၊ ဧရိယာ ၀ ဒသမ ၀၃၆၈ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ်-၄၆ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အခြားဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဒေါ်မူမူ ၁၂/မရက(နိုင်)၀၈၄၉၅၃၊ ဦးအောင်စိန် ၁၂/မရက(နိုင်)၀၅၆၇၂၈၊ ဒေါ်ခင်ညိုညို ၁၂/မရက(နိုင်)၀၇၂၄၁၂၊ ဦးအောင်သိန်း ၁၂/ကမတ(နိုင်)၀၄၀၆၂၇၊ ဦးကျော်နိုင်မိုး ၁၂/ကမတ(နိုင်)၀၄၇၈၄၀နှင့် ဦးအောင်ခင် A/RGN-၀၁၄၈၅၄တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

လျှပ်စစ်လေဆာဘိုးရိမ်းလုပ်ငန်း

ဆလစ်လောကကို တစ်ခေတ်ပြောင်းပေးလိုက်သော ဒိုင်းမွန်း ဦးဖေသန်း၏ ခေတ်အဆင့်ဆင့်မှာ အသစ်အသစ်သော နည်းပညာများဖြင့် အင်ဂျင်ဘလောက်များကို လျှပ်စစ်လေဆာဘိုးရိမ်းလုပ်ခြင်းအားဖြင့် တာရှည်အသုံးပြုခံခြင်း၊ အင်ဂျင်ပါဝါအပြည့်အဝပြန်ထွက်ခြင်း၊ စက်သံညက်ညောခြင်း အကျိုးကျေးဇူးများကို ခံစားရပါမည်။ ကလိုင်းရှပ်သခြင်း၊ ဟက်ပြုပြင်ခြင်းများကို ဈေးနှုန်းချိုသာစွာဖြင့် တစ်ပြိုင်တည်း ပြုလုပ်ပေးပါသည်။ သင်၏ အင်ဂျင်ဘလောက်များကို လျှပ်စစ်လေဆာဘိုးရိမ်း မပြုလုပ်မိပါက တစ်ခေတ်နောက်ကျနေပါလိမ့်မည်။

ဒိုင်းမွန်း ဦးဖေသန်း (အင်ဂျင်စလစ်နှင့်စက်မှုလက်မှုလုပ်ငန်း)
အမှတ် A.18၊ လောပိတလမ်း၊ တောင်ဒဂုံ စက်မှုဇုန်(၃)၊
ဖုန်း-၅၆၆၅၁၃၊ ၅၉၀၆၉၄၊ ၀၉-၅၀-၁၄၀၁၉၊ ၀၉-၅၀-၃၁၉၇၇၊ ၀၉-၅၁-၁၈၁၇၈။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတို

မြင်းခြံ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် အင်ဂျင်နီယာမှူး ဦးကျော်သူအောင်တို့ ဩဂုတ် ၆ရက်က နဘူးအိုင်-ဆီမီးခုံ လမ်းပေါ်ရှိ တောင်ဖီလာ ရေကျော်ကြံ့ခိုင်မှုကို စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဒီမော့ဆိုမြို့ ငွေတောင်လမ်းကျောက်ချော ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးတင်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေလှောင်ကန် တည်ဆောက်ရန် ကွင်းဆင်းကြည့်ရှု

ဖလမ်း ဩဂုတ် ၁၅

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဖလမ်း-ကလေးကားလမ်းပေါ်ရှိ ဖလမ်းမြို့နယ် ပါရုံသဲကျေးရွာ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဂါလန် ၁၈၀၀၀ဆံ့ ရေလှောင်ကန်တည်ဆောက်မည့်နေရာသို့ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဩဂုတ် ၈ရက်က ကွင်းဆင်းစစ်ဆေးကာ ပစ္စည်းစုဆောင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဦးဥတ္တမလမ်း သံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှုကို အဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မျိုးထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ်၌ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

ကြို့ပင်ကောက် ဩဂုတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ကျွန်းတောရသာရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပညာရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မိဘပြည်သူများက ကျောင်းအတွက် ငွေကျပ် ၁၅၈၄၅၀၀ ပေးအပ်လှူဒါန်းခဲ့သည့်အပြင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးလှဝင်း (လှဝင်း-ကြို့ပင်ကောက်)က ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံ ၂၅၀ တန်ဖိုးငွေကျပ် ၁၂၅၀၀ကို ထပ်မံလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး သံတွဲခရိုင် ပြန်/ဆက်တွင် ဆွေးနွေး

သံတွဲ ဩဂုတ် ၂၄

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်သည် ဩဂုတ် ၁၄ရက် မွန်းလွဲ ၂နာရီက သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ သံတွဲခရိုင်ရုံးဝန်ထမ်းများ၊ တောင်ကုတ်၊ ဂွမြို့နယ်နှင့် ကျိန္တလီ၊ မအီမြို့တို့မှ ဦးစီးမှူးများ၊ ရပ်/သံ-၃၊ စာထောက်-၃တို့နှင့် တွေ့ဆုံ၍ စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ဆွေးနွေးသည်။

အပြန်အလှန်

ဆွေးနွေးပွဲတွင် သံတွဲမြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ခင်မိမိက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ သံတွဲဒေသအနေအထားကိုလည်းကောင်း၊ တောင်ကုတ်မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက စာငှားကတ်စနစ်ကျင့်သုံးမှု အနေအထားများကိုလည်း ကောင်း၊ ဂွမြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က စာကြည့်တိုက်များ စာအုပ်စာစောင်တိုးပွားရေးနှင့် ရန်ပုံငွေရရှိရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျိန္တလီမြို့ဦးစီးမှူး ဦးဇော်ဇော်ဆန်းနှင့် မအီမြို့ဦးစီးမှူး ဦးစန်းဝင်းတို့က ကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံများပေါ်ထွန်းရေး ကိစ္စရပ်များကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

အဆို၊ အက၊ အရေး၊ အတီး ဆုချီးမြှင့်ပွဲ မလှိုင်၌ ကျင်းပ

မလှိုင် ဩဂုတ် ၁၈

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် (၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၇ရက်က ပန်းလှိုင်ရွှေခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲဆုရသူများက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုကျောက်တိုင်ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ် e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၃၁-၈-၂၀၀၉(တနင်္လာနေ့)

☐ Migration of Fishes
- တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

Aquatic Biomes
- ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၁-၉-၂၀၀၉(အင်္ဂါနေ့)

☐ Homeostasis
- ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Malarial Parasites of Man
- တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂-၉-၂၀၀၉(ဗုဒ္ဓဟူးနေ့)

☐ Ascariasis caused by Ascaris Lumbricoides
- ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Linear Transformation
- ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၉-၂၀၀၉(ကြာသပတေးနေ့)

☐ Small Signal Bipolar Amplifiers
- တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Shell Model
- တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၉-၂၀၀၉(သောကြာနေ့)

☐ Causes of Instability and Policy Management
- တတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Application of Demand and Supply Analysis
- တတိယနှစ် စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၉-၂၀၀၉(စနေနေ့)

☐ ထားဝယ်လုံချည်
- ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ကိုလိုနီခေတ် မြန်မာစာပေ
- ပထမနှစ် မြန်မာမှုအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဥမ္မာဒန္တီပျို့လာ ဇာတ်ဆောင်များ၏စရိုက်
- ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Food, Medicine, Clothing and Shelter For Human
- ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Diversity of Plants
- ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Nutrition Carbohydrates
- ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Physical & Chemical Digestion
- ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၉-၂၀၀၉(တနင်္ဂနွေနေ့)

☐ A Critical Study of Romanticism
- တတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Kantian Ethics
- တတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Plate Tectonics
- တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Cultural Geography
- တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Psychology of Communication
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Learning
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Major Methods of Social Psychology Research
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

ကြက်ဥအတုများ ဈေးကွက်အတွင်း ရောင်းချမှုမရှိရေး တာချီလိတ်၌ ကြိုတင်ကာကွယ်ဆောင်ရွက်

တာချီလိတ် ဩဂုတ် ၁၉

ကြက်ဥအတုများ ဈေးကွက်အတွင်း ဝင်ရောက်ရောင်းချခြင်းနှင့် စားသုံးခြင်းတို့မှ ကြိုတင်တားဆီးကာကွယ်နိုင်ရေးအတွက် တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမင်းသိန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာစံထွန်းဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ရက်က တာချီလိတ်မြို့ပေါ်ရှိ မြို့မဈေး၊ ပါလုံဈေး၊ ဆန်ဆိုင်းဈေးနှင့် အာခါဈေးတို့ရှိ ကြက်ဥလက်လီအရောင်းဆိုင်များ၊ လက်ကားဒိုင်များသို့ ကွင်းဆင်း စစ်ဆေးသည်။ **(အပေါ်ပုံ)**

ဖြန့်ဝေအသိပေး

အလားတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလည်း ကြက်ဥအတုစားသုံးမှု အန္တရာယ်များ၊ ကြက်ဥအတုနှင့်အစစ် ခွဲခြားသိရှိနည်းများအား အများပြည်သူသိရှိနိုင်ရေးအတွက် ပညာပေးစာစောင်များနှင့် ကြော်ငြာများကို မြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေအသိပေးလျက်ရှိကြောင်း သိရသည်။ **(၀၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အာဟာရကျွေးမွေးပွဲ အောင်မြေသာစံမြို့နယ် အထက(၁)တွင် ကျင်းပ

မန္တလေး ဩဂုတ် ၂၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ပညာပေးဟောပြောပွဲနှင့် အာဟာရကျွေးမွေးပွဲကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီက မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်မွန်က အမှာစကားပြောကြားပြီး ဆရာမဒေါ်မြတ်လေးကျော်က တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမဒေါ်သန္တာလှိုင်က အာဟာရဖြစ်စေသော အစားအစာနှင့် အန္တရာယ်ဖြစ်စေသော အစားအစာ အကြောင်းတို့ကိုလည်းကောင်း ပညာပေးဟောပြောသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ တတိယတန်း(စီ)တွင် ဆရာမဒေါ်စိမ့်စိမ့်သော်၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်မာလွင်၏သား အောင်မြင့်မြတ်နှင့်ဦးမိုးဆွေ-ဒေါ်ခိုင်ခိုင်မြင့်ရွှေတို့၏သား ရွှန်းမိုးဆွေတို့က တတိယတန်းကျောင်းသားများအား အာဟာရမုန့်နှင့် မုန့်ဟင်းခါးကျွေးမွေးနေမှုများကို ကြည့်ရှုပြီး **(အပေါ်ယာပုံ)**ကျောင်းအုပ်ဆရာကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

အာဟာရကျွေးမွေး

ဆက်လက်၍ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အာဟာရကျွေးမွေးနေမှု၊ စာသင်ခန်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ကျောင်းဈေးဆိုင်ခန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၉၀)

ငါးမျိုးစိုက်ထည့်

မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ရွှယ်တောင်၊ ဝိုင်းမော်ငါးလုပ်ငန်းစခန်းမှဝန်ထမ်းများ၊ ဝူယန်ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ ဇူလိုင် ၂၅ရက်က ကျေးလက်နေပြည်သူများ ငါးစားသုံးမှုဖူလုံစေရေးအတွက် ဝိုင်းမော်မြို့နယ် နန့်လွန်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး မြင်းမူ၌ဆောင်ရွက်

မြင်းမူ ဩဂုတ် ၂၂

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများလိုက်ပါလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲလုပ်ငန်းများ ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင်၂၆ရက် မွန်းတည့် ၁၂နာရီက ဝမ်းပြည့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဌာနအလိုက် လုပ်ဆောင်ကြသည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မညိုက လူကုန်ကူးခြင်းမှကင်းဝေးရေးလုပ်ငန်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ခင်ပြည့်က သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား ဆေးဝါးများ အခမဲ့ကုသပေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝမ်းပြည့်ကျေးရွာ အားမာန်သစ်စာကြည့်တိုက်အတွက် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးငွေးမြင့်က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းတံတားတည်ဆောက်ရေးစီမံချက်အရ မိုးကုတ်ကျောင်းလမ်းနှင့် လျှော်ဖြူကန်ကျေးရွာလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို မြို့နယ်စည်ပင် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကြည်ကြည်စိန် ဇွန် ၉ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၀၈၆)

ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ ကျေးလက်ကျောက်ချောလမ်းဘေးဝဲယာတွင် အရိပ်ရပင်နှင့်ပန်းအလှပင်များကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားတို့ ဇူလိုင် ၂၈ ရက်က စုပေါင်းစိုက်ပျိုးရာ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဩဂုတ် ၂၂

ဂန့်ဂေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ်၂ရက် မွန်းလွဲ၁နာရီက ဂန့်ဂေါမြို့ အမှတ်(၂) အမက၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးအေးက ဆောင်ရွက်သည်။

ဖြေကြား

အစည်းအဝေးတွင် သဘာပတိအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးရာခန့်တို့က အမှာစကားပြောကြားကြပြီး အသင်းလီမိတက်၏နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးချစ်ဝေက ဖတ်ကြားတင်သွင်းကာ အသင်းသားများ၏ ဆွေးနွေးချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးသည်။ **(၀၇၁)**

ရေဦးမြို့တွင်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် ရေမြောင်းများ၊ စာသင်ကျောင်းများ၌ ခြင်ဆေး ဖျန်း ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် မိခင်နို့တိုက်ကျွေးရေး မြင်းခြံ၌ဆွေးနွေး

မြင်းခြံ ဩဂုတ် ၂၄

မြင်းခြံခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၁၀ နာရီက မြင်းခြံခရိုင် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာခင်က အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်က အာဟာရဖွံ့ဖြိုးရေးနှင့် မိခင်နို့တိုက်ကျွေးရေးကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့ပြင် စံပြမိခင်ဆုချီးမြှင့်ခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် သန်ချဆေးပေးဝေခြင်းတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွေးပေါင်ချိန် မြင့်တက်ခြင်းသည် မှတ်ဉာဏ်ချို့ယွင်းနိုင်ဟုဆို

သွေးပေါင်ချိန်မြင့်တက်ခြင်းသည် ဦးနှောက်မှတ်ဉာဏ်ကို ထိခိုက်စေကြောင်း၊ လူငယ်များအနေဖြင့် သွေးပေါင်မြင့်တက်ခြင်း မကြာခဏဖြစ်ပွားပါက မှတ်ဉာဏ်ချို့ယွင်းနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❒

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားသည့် လူနာနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူစုစုပေါင်း ၂၉ ဦးရှိပြီဖြစ်

၂၄ ယောက်မြောက်လူနာ ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီ

နေပြည်တော် ဩဂုတ် ၂၈

အသက်(၁၆)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးနှင့် အသက် (၁၅)နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီးတစ်ဦးတို့အား မြို့နယ် ကျန်းမာရေးဦးစီးဌာနများမှ နေ့စဉ်စောင့်ကြပ်ကြည့်ရှုစဉ် ဩဂုတ် ၂၆ ရက်တွင် ဖျားနာလာသဖြင့် သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းတက်ရောက်စေခဲ့ကြောင်း၊ အဆိုပါလူနာနှစ်ဦးအား ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ စာမျက်နှာ ၃ ကော်လံ ၅ ■

ဘီလပ်မြေစက်ရုံ (ကျောက်ဆည်) ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အကျိုးပြုနေသော ဘီလပ်မြေစက်ရုံ (ကျောက်ဆည်)

သတင်းခရီးသည် မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်က နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသော အခြေခံအဆောက်အအုံများ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

ယင်းသို့ ဖြည့်ဆည်းပေးလျက်ရှိရာတွင် မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်ခရိုင်သည်လည်း အပါအဝင်ဖြစ်သည်။ ကျောက်ဆည်ခရိုင်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်ရည်ရွယ်လျက် ကျောက်ဆည်မြို့အရှေ့ဘက် ငါးမိုင်အကွာတွင် စာမျက်နှာ ၈ ကော်လံ ၁ ✻